ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ စနေနေ့၊ (2-6-2012)(၇၁၃၉)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## အီတလီသမ္မတနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂**

၂၀၁၂ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံသမ္မတ ဒေါက်တာဂျော်ဂျီယို၊ နာပိုလီတာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## အီတလီသမ္မတနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂**

၂၀၁၂ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ မာရီယို မွန်တီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏

## ထိုင်းနိုင်ငံသို့သွားရောက်မည့် ချစ်ကြည်ရေးခရီးစဉ်ရွှေ့ဆိုင်း

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၂ ခုနှစ် ဇွန် ၄ ရက်မှ ၅ ရက်အထိ သွားရောက်မည့် ထိုင်းနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အား အကြောင်းမညီညွတ်ပါသဖြင့် ရွှေ့ဆိုင်းလိုက်ပြီး နှစ်နိုင်ငံ အဆင်ပြေမည့်အချိန်ကို ပြန်လည်ညှိနှိုင်းစီစဉ်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲ အခမ်းအနားသို့တက်ရောက်စဉ်။** (သတင်းစဉ်)

# (၉)ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီးဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်

**နေပြည်တော် ဇွန် ၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မေ ၂၉ ရက် နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲ အခမ်းအနားသို့တက်ရောက်သည်။ အခမ်းအနားသို့ အာရှပစိဖိတ်ဒေသနိုင်ငံများမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကုလသမဂ္ဂဒုတိယ အတွင်းရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင်အမှုဆောင် အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာ (Dr. Noeleen Heyzer)၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင် ပစ်ဆူဝမ် (Dr. Surin Pitsuwan)၊ အာရှပစိဖိတ်ဒေသ ရုပ်သံလွှင့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (AIBD) ညွှန်ကြားရေးမှူး မစ္စတာ ယန်ဘင်ယွန်း (Mr. Yang Binyuan)၊ ထိုင်းရုပ်သံလွှင့်ဌာန (Thai PBS) ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာ သပ်ချိုင်ယောင် (Mr. Thapchai Yong)၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) ဒုတိယ ညွှန်ကြားရေးမှူးချုပ် မစ္စတာကျို့ဟိုလင်း (Mr. Zhao Houlin)နှင့် အာရှပစိဖိတ်ဒေသတွင်းရှိ နိုင်ငံပေါင်း ၆၂ နိုင်ငံမှ အစိုးရနှင့် ပုဂ္ဂလိက ရုပ်သံလွှင့်လုပ်ငန်း အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိများ၊ အကြီးအကဲများ၊ ကျွမ်းကျင်သူများ၊ ရုပ်သံလွှင့် မီဒီယာသမားများ စုစုပေါင်း ၆၀၀ ခန့် တက်ရောက်သည်။

ရှေးဦးစွာတက်ရောက်လာကြသည့် တာဝန်ရှိသူများက **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်သုတေသန စိုက်ခင်းများနှင့် ဆည်မြောင်းတာတမံလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကျားကူးအနောက်ကျေးရွာရှိ တရုတ်နိုင်ငံ C.E.T.C ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စပ်မျိုးစပါး F-1 မျိုးစေ့ထုတ် သုတေသနစိုက်ကွင်းဧက ၁၀၀ ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

နေပြည်တော် ဇွန် ၁

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး တောင်သူပညာပေးစိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုး မိဘလိုင်းမှ အဖိုလိုင်း (R)မျိုးစေ့များ ရိတ်သိမ်းသိုလှောင်ထားရှိမှုအား အစိုဓာတ်တိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ကျားကူးအနောက်ကျေးရွာရှိ ငလိုက်ဆည်ရေသောက် စနစ် လက်ယာမြောင်းမကြီးလက်တံ (၁၁) တရုတ်နိုင်ငံ C.E.T.C ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စပ်မျိုးစပါး F-1 မျိုးစေ့ထုတ် သုတေသနစိုက်ကွင်းဧက ၁၀၀ ၌ ပုလဲသွယ်စပ်မျိုး ၂၀ မျိုး မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များနှင့် စပ်မျိုးစပါး ရှစ်မျိုး၊ F-1 မျိုးစေ့ထုတ်သုတေသနစိုက်ကွင်း၌ တရုတ်ပညာရှင်များနှင့် မြန်မာပညာရှင်များက တစ်ဧက **စာမျက်နှာ ၃ ကော်လံ ၁ သို့❖**

## ကြေးမုံ စာတည်းရှုထောင့်

၂-၆-၂၀၁၂ [စနေနေ့]။

# ရွှေတွင်း၊ ငွေတွင်း၊ ပယင်းဒုဋ္ဌာ

"ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းဒုဋ္ဌာ စသောရတနာ အပေါင်းတို့၏အရှင်" ဟူသည့် အသုံးအနှုန်းဝေါဟာရကို ရှေးရှေးကျမ်းဂန်တို့၌ လည်းကောင်း၊ ဇာတ်တော်များ၌ လည်းကောင်း ဖတ်ဖူးပါသည်။ ထိုအသုံးအနှုန်းသည် စိတ်ကူးယဉ်ဖန်တီးထားသော ဝေါဟာရမဟုတ်ပါ။ ကျွန်ုပ်တို့နိုင်ငံမှာ အမှန်တကယ်ပင် လက်ညှိုးထိုးမလွဲ ရွှေတွင်း၊ ငွေတွင်း၊ ပယင်းဒုဋ္ဌာ ရတနာမျိုးစုံနှင့်တကွ တွင်းထွက်သယံဇာတ ကြွယ်ဝပြည့်ဖြိုးသော နိုင်ငံဖြစ်ပါသည်။

အရည်အသွေးကောင်းသော အဖိုးတန်နာမည်ကျော်ကြားသည့် မြန်မာနိုင်ငံ၏ ရတနာဒေသများကိုလည်း ကြားဖူးနားဝရှိကြပါသည်။ ထိုအဖိုးတန်ရတနာများကို နိုင်ငံတော်ကပိုင်ဆိုင်သဖြင့် ရေမြေ့အရှင်တွင် သုံးနှုန်းခဲ့ခြင်းဖြစ်ပေသည်။

လက်ရှိတွင်လည်း တွင်းထွက်ကျောက်မျက်ရတနာများ အမြောက်အမြား ထွက်ရှိနေသည်မှာလည်း အမှန်ဖြစ်သည်။ တလောက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရွှေသတ္တုအသေးစားတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ၃၀၀ စာရင်းကို သက်ဆိုင်ရာဌာန၏ သတိပေးကြော်ငြာချက်တစ်ပုဒ်အဖြစ် တွေ့လိုက်ရပေသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ရွှေထွက်ရာဒေသများလှပေစွ။ ထိုရွှေထုတ်သည့် လုပ်ငန်းငယ်လေးများ၏ နိုင်ငံတော်သို့ ပေးသွင်းရန် ကျန်ရှိသည့် ရွှေစင်သတ္တုပမာဏမှာလည်း မနည်းလှ။ စုစုပေါင်းပမာဏ ၂၃၅၀၃ ဒသမ ၅၂ ကျပ်သား ရှိသည်ကို တွေ့ရသည်။

ဆိုခဲ့ပြီးအတိုင်း ကျွန်ုပ်တို့နိုင်ငံတွင် အသေးစားရွှေတွင်း ၃၀၀ ထက်မက အကြီးစားရွှေတွင်းများလည်း ရှိပေလိမ့်မည်။ ထို့အပြင် အခြားကျောက်စိမ်းတွင်း၊ ပတ္တမြားတွင်း၊ ဘော်တွင်း၊ ကြေးနီတွင်းများမှအစ သတ္တုမိုင်းတွင်းကြီးများ အများအပြားရှိဦးမည်။ ထိုကျောက်မျက်ရတနာမြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅ တို့နှင့်အညီ 'နိုင်ငံသား' ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား သက်ဆိုင်ရာဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရာ၌ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်သူများရှိသကဲ့သို့ စည်းကမ်းနှင့်မညီ လုပ်ကိုင်သူများလည်း ရှိမည်။ သို့ဖြင့် ယခုကဲ့သို့ သတိပေးခြင်းနည်းလမ်း၊ အရေးယူခြင်းနည်းလမ်းတို့ ပြုကြရပေသည်။

ရွှေတွင်း၊ ငွေတွင်း၊ ပယင်းဒုဋ္ဌာ စသည့်ရတနာများသည် နိုင်ငံတော်ပိုင်ရတနာများသာဖြစ်သည်။ ထိုရတနာများကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိစေရေးအတွက် စည်းကမ်းချက်နှင့်အညီ နိုင်ငံသားများအား လုပ်ကိုင်ခွင့်ချထားပေးခဲ့ခြင်းဖြစ်သည်။ လုပ်ကိုင်ခွင့်ရသော နိုင်ငံသားများကလည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိသောအားဖြင့် စည်းကမ်းနှင့်အညီ လုပ်ကိုင်ရန်နှင့် နိုင်ငံတော်အပေါ် ပေးရန်ရှိသည်များကို ပြေကျေစွာ ပေးဆပ်ကြရမည်ဖြစ်သည်။

ထိုထက်ပို၍ အလေးထားရမည်မှာ နိုင်ငံသားတို့အား ပေးထားသည့် လုပ်ကိုင်ခွင့်ကို နိုင်ငံခြားသားတို့နှင့် လက်တစ်လုံးခြား မလုပ်မိဖို့လိုမည်ဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ဘူမိဗေဒလုပ်ငန်း အတတ်ပညာတွင် နိုင်ငံခြားသားများလောက် မကျွမ်းကျင်သည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့သယံဇာတကို သွားရည်ကျသော လူမျိုးခြားများက သူတို့၏ အတတ်ပညာဖြင့် အရည်ညှစ်ရန် ကြိုးစားလိုကြမည်ဖြစ်သည်။ ကျွန်ုပ်တို့ အတတ်ပညာ မရှိ၍ ကိုလိုနီဘဝက လူမျိုးခြားတို့၏ အတတ်ပညာဖြင့် ဝါးမျိုခံခဲ့ရသည့် သမိုင်းသက်သေကို မမေ့သင့်ပေ။

ပြည်တွင်းပြည်ပမှ အတတ်ပညာ အရင်းအနှီးများကို ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ အတတ်ပညာကို ရအောင်ယူမည့် ရည်မှန်းချက်သာ အဓိကဖြစ်သည်။ ကျွန်ုပ်တို့တွင် အတတ်ပညာ၊ နည်းပညာမရှိလျှင် လူမျိုးခြား၏ အရည်စုပ်ယူခြင်းသာ အဖတ်တင်ကျန်ရစ်မည်ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံတွင် ဘူမိဗေဒပညာရှင်များ လိုအပ်နေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်ချိန်က စိုက်ပျိုးရေးကို အခြေခံခဲ့သော်လည်း ယနေ့ စိုက်ပျိုးရေးမှာ မှန်းချက်နှင့် နှမ်းထွက် မကိုက်ဖြစ်နေသည်။ ယနေ့အချိန်အခါတွင် ဆန်စပါးရောင်းချရုံဖြင့် နိုင်ငံဓနအင်အားကြွယ်အောင် စွမ်းဆောင်ရန် လိုအပ်နေဦးမည်ဖြစ်၍ နိုင်ငံတကာက မျက်စိကျသော မြေအောက်သယံဇာတ ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းများကို နိုင်ငံသားများ၏ အတတ်ပညာစွမ်းပကားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ပိုမိုကြိုးပမ်းစွမ်းဆောင်ကြရမည်ဖြစ်ပါသည်။ ။

## ကျေးလက်နေပြည်သူများ စာဖတ်ရှုနိုင်မြင့်တင်ရေးနှင့် မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်ပြည်သူများ စာဖတ်ရှုနိုင်မြင့်မားရေးနှင့် မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် သျှိကျေးရွာအုပ်စု ခါးသျှိကျေးရွာ၌ ကျင်းပရာ အလှူရှင် လားရှိုးမြို့နယ် ပုံနှိပ်လုပ်ငန်းရှင်များက ၁၇ လက်မ တီဗွီတစ်လုံးနှင့် အိမ်တွင်းမှုသင်တန်းကျောင်းက ရေဒီယိုတစ်လုံးတို့ကို လှူဒါန်းကြသည်။

အလားတူ မန်ပျဉ်ကျေးရွာအုပ်စု မန်ပျဉ်ကျေးရွာ၌လည်း စာဖတ်ရှုနိုင်မြင့်မားရေးဟောပြောပွဲနှင့် ဌာနဆိုင်ရာများမှ လှူဒါန်းထားသော စာအုပ်စာစောင် ၁၂၄ အုပ်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြည်ပသတင်းဌာနများနှင့် တွေ့ဆုံ၍ ပြန်ကြားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁**

(၉)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိနေသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် BBC သတင်းဌာန ညွှန်ကြားရေးမှူး Mr.Peter Horrocks နှင့် အဖွဲ့အား လည်းကောင်း၊ ထိုင်းနိုင်ငံဆိုင်ရာ ဂျာမန်သံရုံးမှ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုသံမှူး Ms. Annette Se'very နှင့် DW (ဂျာမန်) သတင်းဌာနအား လည်းကောင်း၊ CFI (ပြင်သစ်) သတင်းဌာနမှ အာရှနှင့် ဥရောပဆိုင်ရာ ညှိနှိုင်းရေးမှူး Nicolas SANSON နှင့် အဖွဲ့အား လည်းကောင်း လက်ခံတွေ့ဆုံပြီး တိုင်းရင်းသားကဏ္ဍ ရေဒီယိုတိုးချဲ့ထုတ်လွှင့်ရေး၊ တိုင်းရင်းသားရုပ်မြင်သံကြား Channel အသစ်တစ်ခုတိုးချဲ့ ထုတ်လွှင့်ရေး၊ အသံလွှင့်နှင့် ရုပ်မြင်သံကြားဆိုင်ရာ ကျွမ်းကျင်သူများ လေ့ကျင့်သင်ကြားပျိုးထောင်ပေးရေးအတွက် မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန ထူထောင်ဆောင်ရွက်ရေး၊ MRTV ကို Public Service Broadcasting အဖြစ် အဆင့်ဆင့်ကူးပြောင်းဆောင်ရွက်ရေး စသည့် ကဏ္ဍများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးရေးအတွက် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် CFI (ပြင်သစ်) သတင်းဌာနမှ အာရှနှင့် ဥရောပဆိုင်ရာ ညှိနှိုင်းရေးမှူး Nicolas SANSON နှင့် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

## အများနှင့် သက်ဆိုင်သော ကုမ္ပဏီများသည် အသေးစား ငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်နိုင်ကြောင်း သတင်းထုတ်ပြန်

၁။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသောလုပ်ငန်း (၈) ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်လိုသော အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လွယ်ကူလျင်မြန်စွာ ရရှိရေးအတွက် လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ငန်းကော်မတီအသီးသီးမှ အထူးအလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၃။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်လိုသောအဖွဲ့အစည်းများအား ၎င်းဥပဒေ ပုဒ်မ၂၊ ပုဒ်မခွဲ (ခ) အရ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများလည်း ဖွဲ့စည်းတည်ထောင်၍ လုပ်ကိုင်နိုင်ကြောင်းနှင့် ဆောင်ရွက်လိုသော ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် အထက်အပိုဒ် (၂) ပါလုပ်ငန်းကော်မတီများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

## သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)သို့ စာအုပ်စာစောင်များ ဒုတိယအကြိမ် လှူဒါန်း

**နေပြည်တော် ဇွန် ၁**

ဆေးရုံတက်ပြည်သူများ စာပေဗဟုသုတတိုးပွားရရှိစေရေး၊ စာပေဖတ်ရှုလေ့လာမှု ကျယ်ပြန့်လာစေရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်ရည်ရွယ်၍ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)စာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ Health Digest ကျန်းမာရေးနှင့် ဆေးပညာဂျာနယ် ၁၈၅ စောင်၊ Good Health ကျန်းမာရေးဂျာနယ် ၁၃၇ စောင်၊ ဂျာနယ်မျိုးစုံ ၅၉၈ စောင်နှင့် စာအုပ်မျိုးစုံ ၇၃ အုပ်တို့ကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါ ဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီးရုံးခန်းမ၌ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မန်နေဂျာ(စီမံ) ဦးဇော်မင်းက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူနှင့် သူနာပြုအုပ် ဒေါ်ခင်စန်းရီတို့က လက်ခံကြသည်။

အဆိုပါ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)သို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယအကြိမ်မြောက်လာရောက်လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်း စာအုပ်စာစောင်မျိုးစုံ ၂၆၆၄ အုပ် လှူဒါန်းခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)စာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ လှူဒါန်းသော စာအုပ်စာစောင်မျိုးစုံကို မန်နေဂျာ(စီမံ) ဦးဇော်မင်းက ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူနှင့် သူနာပြုအုပ် ဒေါ်ခင်စန်းရီတို့ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၆-၂၀၁၂ (စနေနေ့)

- ၇း၀၅ တရားတော်
- ၈း၁၅ မြန်မာစာမြန်မာစကား အပိုင်း(၆)
- ၁၁း၂၅ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှပ်ကလေးများ (အပိုင်း-၆၁)
- ၁၂း၀၀ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ကြမ္မာ (နေတိုး၊ သက်မွန်မြင့်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ဝိုင်း]**
- ၂း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၃၀)**
- ၄း၁၅ ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
- ၄း၄၀ ကုန်သွယ်သုတ
- ၅း၁၅ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၂၀ စားဖိုဆောင်ချစ်သူ
- ၆း၄၀ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၂၄)**
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -လူ့ရှင်တော်စတား -အင်္ဂလိပ်စာသုတ **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်ခုန်သံများ ချစ်ခြင်းများဖြင့်" (အပိုင်း-၃ ) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရက္ခဦးရဲ့လင်းသံစဉ်" (အပိုင်း-၃၂)**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁ - ၆ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ (ကျပ်) | ၈၄၂. ၀၀၀ | ၀. ၀၀၁၂၀ |
| ထိုင်း (ဘတ်) | ၃၁. ၈၈၇၀ | ၀. ၀၃၁၃၆ |
| တရုတ် (ယွမ်) | ၆. ၃၇၂၃၉ | ၀. ၁၅၆၉၃ |
| အိန္ဒိယ (ရူပီး) | ၅၅. ၅၉၁၄ | ၀. ၀၁၇၉၉ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၉၆၃၂ | ၀. ၃၁၂၈၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၆၂၅ | ၀. ၇၇၁၄၆ |
| ဂျပန် (ယန်း) | ၇၇. ၇၆၃၀ | ၀. ၀၁၂၈၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၈၀. ၆၈ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၈၁၂၁၇ | ၁. ၂၃၁၂၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၅၃၆၁ | ၁. ၅၃၀၂၀ |

*အင်တာနက်။*

◆(၉)ကြိမ်မြောက်မှ

နူတ်ခွန်းဆက်စကားများပြောကြားကြပြီး ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) ညွှန်ကြားရေးမှူးချုပ် မစ္စအိုင်ရီနာ ဘိုကိုဗာ (Ms. Irina Bokova) ၏ ဗီဒီယိုမိန့်ခွန်းအားပြသသည်။ ဆက်လက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ (၉)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲသို့ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာက ဖတ်ကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ"ဖွံ့ဖြိုးတိုးတက်မှုနှင့် ပဋိပက္ခအကြား မီဒီယာ၏ အခန်းကဏ္ဍ" (Media, Development and Conflict: Can Media Make a Difference?)စာတမ်းအား လည်းကောင်း၊ "မီဒီယာနှင့် ရင်းနှီးကျွမ်းဝင်သော လူ့အဖွဲ့အစည်းတည်ဆောက်ရေး" (Building a Media-Literate Public) စာတမ်းအားလည်းကောင်း ဝိုင်းဝန်းဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲ၌ ခင်းကျင်းပြသထားသည့် Mediahub Market and Networking ပြခန်းများအား ကြည့်ရှုလေ့လာသည်။ အာရှမီဒီယာ ထိပ်သီးဆွေးနွေးပွဲတွင် အာရှပစိဖိတ်နိုင်ငံများမှ အစိုးရနှင့် ပုဂ္ဂလိကရုပ်သံလွှင့်လုပ်ငန်းများက Mediahub Market and Networking ပြခန်းပေါင်း ၃၇ ခန်း ခင်းကျင်းပြသထားပြီး မြန်မာနိုင်ငံမှ MRTV-4 ပြခန်းလည်း ပါဝင်ပြသထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ရှေ့ဖုံးမှ

ကောက်ကွက် တစ်သိန်း ဝင်ဆံ့ပြီး ခေါင်နှံစပါး တစ်နှံတွင် အောင်စေ့ ပျမ်းမျှ ၃၀၀ ကျော်ရှိ၍ တစ်ဧကတင်း ၂၀၀ အထက် သေချာစွာ ထွက်ရှိနိုင်သော စပါးမျိုးသစ်နှင့် သက်တမ်းရက် ၁၀၀ အောက်တွင် ရိတ်သိမ်းနိုင်မည့် သက်တမ်းတို စပ်မျိုးစပါး မျိုးသစ်တို့၏ ၈၄ ရက်သားတွင် အနှံများ စုံညီစွာ ထွက်ရှိနေမှုများကို စိုက်ကွင်းအတွင်း လိုက်လံပြသရှင်းလင်းကြသည်။

ယင်းနောက် လယ်ဝေးမြို့နယ် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းအနီး ချောင်းမငယ် ဆည်ရေသောက်စနစ် ပင်မမြောင်းမကြီးနှင့် မြောင်းလက်တံ(၁၁)ကြားရှိ ဗောဓိကုန်းကျေးရွာအနီး၌ လယ်ယာမြေများအား အဆင့်မြင့် လယ်ယာမြေဧက ၂၀၀ ဖော်ထုတ်ရန် ဆည်ရေသောက်စနစ်များ၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းစနစ်များ၊ ကုန်ထုတ်လမ်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ၄င်းအဆင့်မြင့်လယ်ယာမြေ တစ်ဆက်တစ်စပ်တည်း စိုက်ကွင်း ဧက ၂၀၀ နှင့် ဆက်စပ်နေသော ခရမ်းကိုင်းရွာ၊ ရှမ်းကိုင်းရွာ၊ ညောင်ခြေထောက်ရွာ၊ ဗောဓိကုန်းကျေးရွာများအတွက် တူးမြောင်းများတူးဖော်ရာမှ ထွက်ရှိလာသော မြေသားများဖြင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ် ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ဆည်ရေသောက်စနစ် အဆင့်မြင့်လယ်ယာမြေ ဧက ၂၀၀ စိုက်ကွင်း၌ အောင်မြင်ဖြစ်ထွန်းနေသော ၆၅ ရက်သား သက်တမ်းရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးအားပေးပြီး တောင်သူလယ်သမားများအား စိုက်ခင်းအတွက် လိုအပ်သောသွင်းအားစု အာဟာရဓာတ်မြေသြဇာများကို အချိန်ကိုက် ထည့်သွင်းပေးရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး တောင်သူလယ်သမားများအတွက် စားသောက်ဖွယ်ရာများ လက်ဆောင် ပေးသည်။

စိုက်ကွင်းများအတွင်း ပြည်ထောင်စုဝန်ကြီးက ပညာရှင်များနှင့် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားရာ၌ ဒေသနှင့် အကိုက်ညီဆုံး မျိုးစပါးရွေးချယ်ရာတွင် လယ်မြေ တစ်ဧက အသုံးချမှုအပေါ်၌ သုံးစွဲရသည့် ကုန်ကျစရိတ်နှင့် တစ်ဧကပေါ်တွင် ပြန်လည်ရရှိနိုင်သည့် အကျိုးအမြတ် အသားတင် ဝင်ငွေတို့ကို ကဏ္ဍစုံမှ နှိုင်းယှဉ်သုံးသပ်၍ အကောင်းဆုံးမျိုးကို ရွေးချယ်သတ်မှတ်ပြီး တောင်သူများအတွက် မျိုးစေ့ထုတ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လယ်မြေ တစ်ဧက အသုံးချမှုအပေါ်တွင် အကျိုးအမြတ် တွက်ချက်ရာ၌ စပါးအပါအဝင် သီးနှံအမျိုးအစားအလိုက် သက်တမ်းကာလကြာမြင့်မှု၊ သီးနှံ၏ စားသုံးမှုအရည်အသွေး၊ သီးနှံ၏ တစ်ဧက အထွက်နှုန်း၊ ထွက်ရှိလာသည့်သီးနှံ၏ ပြည်တွင်းဈေးကွက်နှင့် နိုင်ငံခြားဈေးကွက်ခိုင်မာမှု၊ တစ်ဧကပေါ်တွင် ရရှိမည့် အသားတင် အကျိုးအမြတ်ဝင်ငွေ (Net Income)တို့ကို အသေးစိတ် နှိုင်းယှဉ်တွက်ချက်ရမည်ဖြစ်ကြောင်း။

သီးနှံအမယ်အလိုက်၊ သီးနှံအမျိုးအစားအလိုက် သက်တမ်းကာလနှင့် ဒေသ၏ ရေမြေရာသီဥတုပေါ် မူတည်၍ သီးနှံပုံစံကို တောင်သူများ ရွေးချယ်တတ်အောင်၊ လက်တွေ့အကျိုးဖြစ်ထွန်းခံစားရမှု စံနမူနာပြ စိုက်ကွင်းများ ထူထောင်ပြသပြီး ပညာပေးစည်းရုံးပြသဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အဓိကသော့ချက်ဖြစ်သည့် မြေတစ်ဧကအပေါ် အသုံးချမှုတန်ဖိုး အသားတင်ဝင်ငွေ(Net Income) မည်မျှအကျိုးဖြစ်ထွန်းနိုင်သည်ကို ဘက်စုံ၊ ကဏ္ဍစုံမှ တွက်ချက်၍ မည်သည့်မျိုးကို မျိုးစေ့ထုတ်ပြီး တောင်သူ၏ လက်ဝယ်သို့ စီးပွားဖြစ် ဖြန့်ဖြူးစိုက်ပျိုးစေရမည်ကို စေ့စေ့စပ်စပ် တွက်ချက်သုံးသပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းကို အသေးစိတ်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂**

၂၀၁၂ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျေလီယို တယ်ဇီ ဒီစန့်တာ ဂါတာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ၂၀၁၂-၂၀၁၃ ပညာသင်နှစ် စတင်ဖွင့်လှစ်သင်ကြားသင်ယူနေမှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁**

၂၀၁၂ ခုနှစ် ဇွန်(၁)ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကို စတင်ဖွင့်လှစ်ပြီဖြစ်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဒုတိယဝန်ကြီး ဦးအေးကြူနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းသို့ နံနက် ၈ နာရီခွဲတွင် သွားရောက်ပြီး ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား တွေ့ဆုံကာ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်နှင့် အညီ ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အခမဲ့မသင်မနေရ မူလတန်းပညာရေး အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ အတန်းလိုက် ကျောင်းနေမြဲရေးနှင့် အတန်းကူးပြောင်းနှုန်း မြင့်မားရေးအတွက် မျက်ခြည်မပြတ်ကြိုးကြပ်ဆောင်ရွက်ကြရန်နှင့် မှတ်စုပေးအလွတ် ကျက်မှတ်စေသော သင်ကြားနည်းကို ရှောင်ကြဉ်ကြရန်တို့ကို မှာကြား၍ စာသင်ခန်းများ၌ သင်ကြားသင်ယူ နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား ရည်မှန်းချက်ထားရှိရန်၊ ကြိုးစားသင်ယူကြရန်၊ အားကစားလှုပ်ရှားမှုအလေ့အကျင့် ကောင်းများဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဒုတိယဝန်ကြီး ဦးအေးကြူသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်၍ စာသင်ခန်းများ၌ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းများ၌ ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မေ ၂၉ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရေနံမြေနှင့် စက်ရုံအလုပ်ရုံများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညှိနှိုင်းအစည်းအဝေးကို မေ ၃၀ ရက်တွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရခိုင် ပြည်နယ်ဝန် ကြီး ချုပ် ဦးလှမောင်တင် ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ သံတွဲခရိုင် အမျိုးသားအသင်းအား တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁**

၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဝေသာလီအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်နှင့် ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းတို့က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ အမျိုးသား/အမျိုးသမီး အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆု၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၏ ဇနီးနှင့် လူမှုရေးဝန်ကြီးတို့၏ ဇနီးတို့က ဒုတိယဆုရ သံတွဲခရိုင် အမျိုးသမီးအသင်းနှင့် ကျောက်ဖြူခရိုင် အမျိုးသားအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်မင်းတို့က ပထမဆုရ စစ်တွေခရိုင် အမျိုးသမီးအသင်းနှင့် သံတွဲခရိုင် အမျိုးသားအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုတို့ကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်နုနုဖံက ပထမဆုရ စစ်တွေခရိုင် အမျိုးသမီးအသင်းအား တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ပထမဆုရ သံတွဲခရိုင် အမျိုးသားအသင်းအား တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မိုးရေချိန်စံချိန်သစ်

**နေပြည်တော် ဇွန် ၁**

၂၀၁၂ ခုနှစ် ဇွန် ၁ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဇွန်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်လှစ်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ဖလမ်း | ၂၃၈ | ၉.၃၇ | ၁၁၄ | ၄.၄၉ | ၁၆-၆-၁၉၆၆ | ၄၆ |

(သတင်းစဉ်)

## မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြှိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

**မီးသတ်ဦးစီးဌာန**

နေစကြဝဠာ အဖွဲ့အစည်း တည်ရှိရာ နဂါးငွေ့တန်းကြယ်စုနှင့် အင်ဒရိုမီးဒါး အမည်ရှိ ကြယ်စုတို့ ဝင်တိုက်မိပြီးနောက် ဖြစ်ပေါ်လာမည့် မျိုးစပ်ကြယ်စု၏ ပုံသဏ္ဌာန်ကို သရုပ်ဖော်ထားစဉ်။

# နေစကြဝဠာတည်ရှိရာ နဂါးငွေ့တန်းကြယ်စုနှင့် အင်ဒရိုမီးဒါးကြယ်စုတို့ တစ်ချိန်ချိန်တွင် ဝင်တိုက်နိုင်

ဘာလ်တီမိုး ဇွန် ၁

**နေစကြဝဠာအဖွဲ့အစည်းတည်ရှိရာ နဂါးငွေ့တန်းကြယ်စု (Milk way Galaxy) သည်အင်ဒရိုမီးဒါး (Andromeda) အမည်ရှိ ကြယ်စုတစ်ခုနှင့် နောင်လာမည့် နှစ်ပေါင်းလေးဘီလီယံအတွင်း ဝင်တိုက်မိမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက မေ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။**

တစ်နာရီလျှင် မိုင် ၂၅၀၀၀၀ အလျင်နှုန်းဖြင့် တစ်ခုနှင့်တစ်ခု ဦးတည်ရွေ့လျားနေသော နဂါးငွေ့တန်းကြယ်စုနှင့် အမ်-၃၁ ကြယ်စုခေါ် အင်ဒရိုမီးဒါးကြယ်စုတို့သည် တစ်ချိန်ချိန်တွင် ဝင်တိုက်နိုင်ကြောင်း သိပ္ပံပညာရှင်များက ရှေးဦးမဆွကပင် မှန်းဆခဲ့ပြီးဖြစ်သည်။

ကြယ်စုတစ်ခုနှင့်တစ်ခုအပြန်အလှန်ဆွဲငင်မှုနှင့် ယင်းကြယ်စုများအတွင်းရှိ မဟုရာဒြပ်စင် (black matter) ခေါ် အာကာသဒြပ်မှုန်များအကြား အပြန်အလှန်ဆွဲငင်မှုများကြောင့် အင်ဒရိုမီးဒါးကြယ်စုသည် နဂါးငွေ့တန်းကြယ်စုဆီသို့ တစ်သမတ်တည်းသော အလျင်ဖြင့် ဦးတည်ရွေ့လျားနေကြောင်း နက္ခတ္တဗေဒသိပ္ပံပညာရှင်များက ပြောကြားသည်။

ယင်းသို့ ဝင်တိုက်မိချိန်တွင် နဂါးငွေ့တန်းကြယ်စု၏ သင်္ကေတလက္ခဏာဖြစ်သော ခရုခွေပုံသဏ္ဌာန်ကွယ်ပျောက်၍ မစ်ကိုမီးဒါး (Milkomeda) အမည်ရှိ စက်ဝန်းပုံသဏ္ဌာန် မျိုးစပ် ကြယ်စုသစ်ဖြစ်ပေါ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက မှန်းဆထားသည်။

ကြယ်စုကြီးများဝင်တိုက်မှုကြောင့် ကမ္ဘာဂြိုဟ်အပါအဝင် နေစကြဝဠာအဖွဲ့အစည်းပျက်စီးမည် မဟုတ်သကဲ့သို့ ကြယ်စုများအတွင်းရှိ ကြယ်များမှာလည်း တည်နေရာအလှမ်းဝေးလွန်းခြင်းကြောင့် တစ်ခုနှင့်တစ်ခု ဝင်တိုက်မိရန်မဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်သည်။

သို့ရာတွင် ကမ္ဘာဂြိုဟ်အပါအဝင် နေစကြဝဠာတစ်ခုလုံးသည် အသစ်ဖြစ်ပေါ်လာသော မစ်ကိုမီးဒါးကြယ်စုအတွင်း နေရာသစ်တစ်နေရာရရှိလာမည်ဖြစ်သည်။

ကြယ်စုကြီးများဝင်တိုက်မှုကြောင့် ကမ္ဘာဂြိုဟ်မှ တွေ့မြင်နိုင်သော ကြယ်ဂြိုဟ်များ၏ ဖွဲ့စည်းတည်ရှိပုံသည် အပြောင်းအလဲကြီး ပြောင်းလဲမည်ဖြစ်ကာ နှစ်ပေါင်း သန်းခုနစ်ထောင်အကြာတွင် ကမ္ဘာ့ညကောင်းကင်ကို မစ်ကိုမီးဒါးကြယ်စုက လွှမ်းမိုးထားမည်ဖြစ်သည်။

နဂါးငွေ့တန်းကြယ်စုနှင့် အင်ဒရိုမီးဒါးကြယ်စုတို့အကြား လက်ရှိအကွာအဝေးမှာ အလင်းနှစ် ၂ ဒသမ ၅ သန်းဖြစ်သည်။

***အင်တာနက်။***

# တရုတ်နှင့် ဂျပန်အကြား တိုက်ရိုက်ငွေကြေးကုန်သွယ်မှု ဈေးကွက်စတင်

တိုကျို ဇွန် ၁

**ဂျပန်နှင့် တရုတ်နိုင်ငံတို့အကြား တိုက်ရိုက်ငွေကြေးကုန်သွယ်မှုဈေးကွက်အား ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ ယွမ်ငွေကို ကမ္ဘာသုံးငွေကြေးအဖြစ်မြှင့်တင်ရန် ကြိုးပမ်းနေသော တရုတ်နိုင်ငံအတွက် အဆင့်တစ်ဆင့် တက်လှမ်းနိုင်ခြင်းဖြစ်ကြောင်း သတင်းများ၌ ဖော်ပြသည်။**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဈေးကွက်စတင်ဖွင့်လှစ်ချိန်တွင် နိုင်ငံခြားငွေလဲလှယ်သူကုန်သည်များသည် အမေရိကန်ဒေါ်လာအား ကြားခံငွေကြေးအဖြစ် အသုံးမပြုတော့ဘဲ ဂျပန်ယန်းငွေနှင့် တရုတ်ယွမ်ငွေတို့ကို တိုက်ရိုက်လဲလှယ်ရောင်းဝယ်နေပြီဖြစ်ကြောင်း သိရသည်။

ဈေးကွက်အဖွင့်တွင် တရုတ်ယွမ်ငွေ တစ်ယွမ်လျှင် ဂျပန်ယန်းငွေ ၁၂ ဒသမ ၃၃၅ ယန်းဖြင့် စတင်လဲလှယ် ရောင်းဝယ်နေပြီဖြစ်သည်။

တရုတ်နိုင်ငံသည် ယွမ်ငွေနှင့် ယန်းငွေအကြား နေ့စဉ်လဲလှယ်မှုနှုန်းထားကို အရောင်းအဝယ်ဈေးကွက် ဆိုဈေးများအပေါ် အခြေခံသတ်မှတ်မည်ဖြစ်ရာ နှုန်းဘောင်အတက်အကျ ၃ ဒသမ သုညရာခိုင်နှုန်းအထိ ရှိမည်ဖြစ်သည်။

ဈေးကွက်နှစ်ရပ်အကြား လဲလှယ်မှုနှုန်းထားများသည် ယာယီကွာဟမှုများ ရှိနိုင်သော်လည်း မကြာမီအတွင်း တူညီလာဖွယ်ရှိကြောင်း ငွေကြေးကုန်သည်များက ပြောကြားသည်။

ယွမ်ငွေနှင့် ယန်းငွေအကြား တိုက်ရိုက်ကုန်သွယ်မှု လုပ်ဆောင်နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲဘဏ္ဍာရေးဈေးကွက်များ၌ တရုတ်နှင့် ဂျပန်အကြား ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေမည့် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ဈေးကွက်စည်းမျဉ်းအပေါ် အခြေခံသည့် နှစ်နိုင်ငံငွေကြေးစနစ်များအကြား တိုက်ရိုက်ကုန်သွယ်ရေးအား အပြန်အလှန်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တော်ရှိ နိုင်ငံခြားငွေလဲလှယ်ရေး ဌာနတစ်ခု။

နယ်မြေပိုင်နက်အငြင်းပွားမှုဆိုင်ရာ ပြဿနာများနှင့် သမိုင်းကြောင်းအရ အခဲမကြေမှုများ ရှိနေလင့်ကစား တရုတ်နှင့် ဂျပန်တို့သည် စီးပွားရေးအရ ဆက်ဆံမှုကို ပိုမိုမြှင့်တင်လျက်ရှိသည်။

***အင်တာနက်။***

# ၃၁ နှစ်ကြာကျင့်သုံးခဲ့သော အရေးပေါ်အခြေအနေဆိုင်ရာဥပဒေ အီဂျစ်နိုင်ငံ ရုပ်သိမ်း

ကိုင်ရို ဇွန် ၁

အီဂျစ်နိုင်ငံ၌ ၃၁ နှစ်ကြာကျင့်သုံးခဲ့သည့် အရေးပေါ်အခြေအနေဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်သည် မေ ၃၁ ရက် သန်းခေါင်ယံတွင် အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အရေးပေါ်အခြေအနေဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အရ အီဂျစ်လုံခြုံရေးတပ်ဖွဲ့များသည် သံသယမကင်းဖြစ်ရသူများအား ဖမ်းဆီးထိန်းသိမ်း၍ အထူးတရားရုံးများ၌ တရားစွဲဆိုနိုင်သော အခွင့်အာဏာကို ရရှိခဲ့သည်။

၁၉၈၁ ခုနှစ်၌ သမ္မတအန်ဝါဆာဒက် လုပ်ကြံခံခဲ့ရပြီးနောက် အီဂျစ်နိုင်ငံသည် အရေးပေါ်အခြေအနေဆိုင်ရာ ဥပဒေအား ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။

၂၀၁၁ ခုနှစ်အတွင်း အီဂျစ်သမ္မတ မူဘာရက် အာဏာစွန့်လွှတ်ခဲ့ရပြီးနောက် အီဂျစ်နိုင်ငံကို ယာယီထိန်းသိမ်းစောင့်ရှောက်ထားသော စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့အနေဖြင့် အရေးပေါ်အခြေအနေဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်အား ထပ်မံကျင့်သုံးလိမ့်မည်မဟုတ်ကြောင်း ရည်ညွှန်းပြောကြားခဲ့သည်။

သို့ရာတွင် သမ္မတရွေးကောက်ပွဲအပြီး အာဏာလွှဲပြောင်းပေးအပ်နိုင်သည်အထိ အမျိုးသားရေးတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း အီဂျစ်စစ်ဘက်၏ ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

***အင်တာနက်။***

# အာရပ်နိုင်ငံများအကြား ရေသယံဇာတစစ်ပွဲဖြစ်လာနိုင်ကြောင်း အီရတ်ဝန်ကြီးချုပ် သတိပေး

ဘဂ္ဂဒက် ဇွန် ၁

ဒေသတွင်း ရေပြတ်လပ်မှုပြဿနာကို အလျင်အမြန်ကိုင်တွယ်ဖြေရှင်းခြင်းမရှိပါက အာရပ်နိုင်ငံများသည် ရေအရင်းအမြစ်နှင့် ပတ်သက်၍ အနာဂတ်စစ်ပွဲတစ်ရပ် ဆင်နွှဲရမည့် အခြေအနေသို့ ရောက်ရှိသွားနိုင်ကြောင်း အီရတ်ဝန်ကြီးချုပ် နူရီမာလီကီက မေ ၃၁ ရက်တွင် သတိပေးလိုက်သည်။

ရေရှားပါးမှုပြဿနာကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဒေသတွင်း ပဋိပက္ခများအား ကြိုတင်တားဆီးရေးအတွက် အာရပ်နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် ဘဂ္ဂဒက်မြို့၌ ကျင်းပသော ညီလာခံတစ်ရပ်တွင် အီရတ်ဝန်ကြီးချုပ်က တိုက်တွန်းခဲ့သည်။

ရေသယံဇာတ ရှားပါးမှု ပြဿနာနှင့် ကြုံတွေ့နေရသော ပါလက်စတိုင်းဒေသမှ ကလေးသူငယ်များ နေ့စဉ် သုံးရေ ရရှိရေးအတွက် စောင့်ဆိုင်းနေကြစဉ်။

သဲကန္တာရများဖြစ်ထွန်းခြင်း၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုအားနည်းချက်များနှင့် မြစ်ရေအတွက် မြစ်ညာဒေသနိုင်ငံများ၏ သဘောထားအပေါ် အာရပ်နိုင်ငံအများစုက မှီခိုရန်လိုအပ်မှုစသည့် ကိစ္စရပ်များအား အဆိုပါညီလာခံတွင် ဆွေးနွေးခဲ့ကြသည်။

ဒေသတွင်း ရေသယံဇာတအကျပ်အတည်းကို ပေါင်းစည်းစီမံချက်တစ်ရပ်ဖြင့် ဖြေရှင်းနိုင်ရန် အာရပ်နိုင်ငံများက နည်းလမ်းရှာလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အတိတ်ကာလက အချင်းချင်း မသင့်မြတ်မှုများနှင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် အာရပ်ခေါင်းဆောင်များအနေဖြင့် ဒေသတွင်း ဘုံပြဿနာဖြစ်သည့် ရေရှားပါးမှုပြဿနာအား ဖြေရှင်းနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ယင်းအပြင် ဒေသတစ်နံတစ်လျားဖြစ်ပွားခဲ့သော လူထုအုံကြွမှုများနှင့်အတူ အာရပ်နိုင်ငံများအကြား သဘောထားကွဲပြားမှုသည်လည်း ပိုမိုကျယ်ပြန့်လာပုံရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းဒေသ၌ အတိတ်ကာလက ဖြစ်ပွားခဲ့သော ရေသယံဇာတပိုင်ဆိုင်မှုဆိုင်ရာ အငြင်း ပွားမှုများကြောင့် အစ္စရေးနှင့် ပါလက်စတိုင်းအကြား၊ ဆီးရီးယားနှင့် အီရတ်အကြား တင်းမာမှုများပေါ်ပေါက်ခဲ့ဖူးသည်။ ***အင်တာနက်။***

# အမေရိကတိုက်ကို အင်းဆက်မှတစ်ဆင့် ကူးစက်တတ်သော အပူပိုင်းဒေသ ရောဂါဆိုးတစ်မျိုး ခြိမ်းခြောက်လျက်ရှိ

မက္ကဆီကိုစီးတီး ဇွန် ၁

အင်းဆက်ပိုးမွှားတစ်မျိုး ကိုက်ခဲခံရမှုမှတစ်ဆင့် ကူးဆက်ဖြစ်ပွားတတ်သော ချားဂက်စ်ရောဂါ (Chagas disease) ခေါ် အပူပိုင်းဒေသရောဂါတစ်မျိုးသည် အမေရိကနှင့် ဥရောပတိုက်များရှိ ဆင်းရဲသားလူတန်းစားများအတွက် ကျန်းမာရေးဆိုင်ရာ ဘေးဆိုးတစ်ရပ်ဖြစ်လာနိုင်ကြောင်း ဗိုင်းရပ်စ်ပိုးသုတေသနပညာရှင်များက မေ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တောင်အမေရိကနှင့် ဗဟိုအမေရိကဒေသများတွင် အဖြစ်များသည့် ချားဂက်စ်ရောဂါသည် ဖျားနာမှု၊ ကိုယ်လက်မအီမသာဖြစ်မှုများဖြင့် စတင်တတ်သော်လည်း နောက်ဆက်တွဲရောဂါများဝင်ရောက်မှုကြောင့် နှလုံးနှင့် အစာခြေအင်္ဂါစနစ်များ ပျက်စီးနိုင်ရာ အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ် စတင်ကူးစက်စဉ်ကာလ အခြေအနေမျိုးနှင့် အလားသဏ္ဌာန်တူကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ချားဂက်စ်ရောဂါကို benznidazole နှင့် nifurtimox အမည်ရှိဆေးဝါးနှစ်မျိုးနှင့် ကုသပေးလျက်ရှိသော်လည်း အာရုံကြောရောဂါ၊ မျက်စိမှုန်ခြင်းနှင့် ခံတွင်းပျက်ခြင်းစသော ဘေးထွက်ဝေဒနာများသာ သက်သာပျောက်ကင်းကြောင်း သိရသည်။

Kissing bug အမည်ရှိ Triatominae မျိုးရင်းဝင် အင်းဆက်တစ်မျိုး**(ယာပုံ)**ကိုက်ခဲခံရမှုကြောင့် ချားဂက်စ်ရောဂါဗိုင်းရပ်စ်များ ကူးစက်တတ်ကြောင်း ဗိုင်းရပ်စ်ပိုးသုတေသနပညာရှင်များက ပြောကြားသည်။

ဗဟိုအမေရိကနှင့် တောင်အမေရိကဒေသများရှိ ပြည်သူ ၁၀ သန်းမျှသည် ချားဂက်စ်ရောဂါဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရပြီး အမေရိကန်ပြည်ထောင်စုအတွင်း ယင်းဗိုင်းရပ်စ်ပျံ့နှံ့လာမည့်အရေးအား သုတေသနပညာရှင်များက စိုးရိမ်လျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုသည် ချားဂက်စ်ရောဂါနှင့် အခြားအပူပိုင်းဒေသရောဂါများပျံ့နှံ့ကူးစက်မှု၏ အကြောင်းရင်းဖြစ်နိုင်ကြောင်း လွန်ခဲ့သည့် မတ်လအတွင်း သုတေသနပညာရှင်များက ပြောကြားခဲ့ပြီးဖြစ်သည်။ ***အင်တာနက်။***

# ဘဂ္ဂဒက်မြို့ လုံခြုံရေးတာဝန် အီရတ်ရဲတပ်ဖွဲ့ လွှဲပြောင်းရယူမည်

ဘဂ္ဂဒက် ဇွန် ၁

စစ်ဘက်က တာဝန်ယူထားသော ဘဂ္ဂဒက်မြို့တော်၏ လုံခြုံရေးတာဝန်အရပ်ရပ်ကို ရဲတပ်ဖွဲ့ထံ ယခုနှစ် ဇူလိုင်လအတွင်း လွှဲပြောင်းပေးအပ်သွားရန် အီရတ်အာဏာပိုင်များက စီစဉ်နေကြောင်း မေ ၂၉ ရက် သတင်းများတွင် ဖော်ပြသည်။

မြို့ပြလုံခြုံရေးတာဝန်များအား အီရတ်ရဲတပ်ဖွဲ့လက်သို့ လွှဲပြောင်းရန် အီရတ်အာဏာပိုင်များက ကြိမ်ဖန်များစွာ စီစဉ်ခဲ့သော်လည်း ရဲတပ်ဖွဲ့၏ အရည်အသွေးမပြည့်ဝမှုကြောင့် ဖြစ်မြောက်ခဲ့ခြင်းမရှိပေ။

ဘဂ္ဂဒက်မြို့တော်လုံခြုံရေးတာဝန်များကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံ တပ်ဖွဲ့များလက်သို့ ဇူလိုင်လတွင် လွှဲပြောင်းပေးရန် ဘဂ္ဂဒက်ပြည်နယ်ကောင်စီ လုံခြုံရေးကော်မတီက ကြေညာခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

၂၀၀၃ ခုနှစ်တွင် အီရတ်နိုင်ငံကို အမေရိကန်ပြည်ထောင်စု ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များ သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း ဖွဲ့စည်းထားခဲ့သည့် အီရတ်လုံခြုံရေးတပ်ဖွဲ့များ အထူးသဖြင့် စစ်ဘက်သည် ပြည်တွင်းအကြမ်းဖက်မှု ပြဿနာများကိုသာ အဓိက ရင်ဆိုင်ဖြေရှင်းခဲ့ရခြင်းကြောင့် ပြည်ပရန်ကာကွယ်ရေးအတွက် စွမ်းရည်လိုအပ်ချက်ဖြစ်ပေါ်ခဲ့ရသည်။ ***အင်တာနက်။***

# အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ-၂၀၁၂ ဖွင့်လှစ်

ရန်ကုန် ဇွန် ၁

**အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ -၂၀၁၂ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် International Exhibition Management Services Co., Ltd.(IEMS) မှ မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေတို့က အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ-၂၀၁၂ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဧည့်သည်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။**(ဝဲပုံ)**

ပြပွဲတွင် အိမ်ရာအဆောက်အအုံများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ပရိဘောဂများ၊ အိမ်သုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ မော်တော်ယာဉ်များကို ကုမ္ပဏီ ၆၀ မှ ပြခန်းပေါင်း ၁၂၀ ဖြင့် ဇွန် ၁ ရက်မှ ၄ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ၏ မီးခိုးမထွက်စက်ရုံများ (သို့မဟုတ်) သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းစခန်းများ

**သတင်းမှတ်တမ်း-စိုးစိုးနိုင်(ကြေးမုံ)**

**ဓာတ်ပုံမှတ်တမ်း-အောင်ကျော်ဝင်း(ကြေးမုံ)**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် လူအချင်းချင်း ချစ်ခင်ကြင်နာမှု၊ အပြန်အလှန်နားလည်မှုများပါ ရရှိနိုင်သည်။ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း (Ecotourism Site)များသည် မြန်မာနိုင်ငံရှိ သဘာဝတောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ထားသည့် ခံစစ်စခန်းများအဖြစ် ဖော်ညွှန်းလျက်ရှိသည်။ အလားတူ မြန်မာနိုင်ငံ၏ မီးခိုးမထွက်စက်ရုံများ (Smoke-less Factories) ဟု တင်စားခေါ်ဝေါ်နိုင်သော သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းစခန်းများသည် မြန်မာ့ခရီးသွားလုပ်ငန်းအား တစ်ဖက်တစ်လမ်းမှ များစွာ အထောက်အပံ့ပြုလျက်ရှိသည်။

ထို့အပြင် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ တည်ထောင်ခြင်းဖြင့် ဒေသခံပြည်သူများကို ဝင်ငွေတိုးတက်စေပြီး ဒေသဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ကျန်ရှိနေသည့် သဘာဝသစ်တောများသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေမည့် သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများစွာရှိနေသည်။ တစ်နည်းအားဖြင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းတိုးတက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားရေးအတွက် သစ်ထုတ်လုပ်မှုလျာထားချက် လျော့နည်းလာနိုင်ပြီး သစ်တောထိန်းသိမ်းရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို အစဉ်သဖြင့် ထိန်းသိမ်းကာကွယ်လာခဲ့ခြင်းကြောင့် ယနေ့အချိန်အထိ သဘာဝသစ်တောကြီးများနှင့် ဇီဝမျိုးစုံမျိုးကွဲ အမျိုးမျိုးကို တွေ့မြင်နေရဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်ပိုင်းတွင် တောင်ပေါ်တောများ၊ နှင်းဖုံးတောင်တန်းကြီးများရှိပြီး အလယ်ပိုင်းတွင် ရွက်ပြတ်ရောနှော၊ တောစို၊ တောခြောက်များ၊ တောင်ပိုင်းတွင် အပူပိုင်းမုတ်သုံသစ်တောကြီးများနှင့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ဒီရေတောများ၊ သန္တာကျောက်တန်းများ များပြားစွာတွေ့ရှိရသည်။ တန်ဖိုးကြီးမားပြီး ကမ္ဘာကျော် အပူပိုင်းဒေသ သစ်မျိုးတစ်မျိုးဖြစ်သော မြန်မာ့ကျွန်းသစ်ပေါက်ရောက်ရာ သဘာဝကျွန်းတောကြီးများကိုလည်း မြန်မာနိုင်ငံတွင် တွေ့မြင်နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားသော အပင်ကြီးမျိုးပေါင်း ၇၀၀၀ ကျော်ရှိသည့်အနက်အပင်မျိုးပေါင်း ၁၀၇၀ ကျော်သည် ဒေသမျိုးများဖြစ်သည်ဟု သိရသည်။ ဝါးမျိုးပေါင်း ၁၀၀ ကျော်ခန့်၊ ကြိမ်အမျိုးပေါင်း ၃၀ နှင့် သစ်ခွမျိုးပေါင်း ၈၀၀ ကျော်ခန့်ရှိသည်။ မြန်မာနိုင်ငံသည် ဂေဟစနစ် ပေါကြွယ်ဝသည့်နည်းတူ ငှက်အမျိုးပေါင်း ၁၀၅၀ ကျော်၊ ကုန်းနေသတ္တဝါ ၃၀၀ ခန့်နှင့် တွားသွားသတ္တဝါ ၄၀၀ ကျော်၊ လိပ်ပြာမျိုးစိတ် ၁၀၀၀ ကျော်၊ ငါးမျိုးစိတ် ၈၀၀ ကျော်တို့၏ နေရင်းဒေသတစ်ခုဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့နိုင်ရေးနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများကို တည်ထောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများအနေဖြင့် နိုင်ငံနှင့်အဝန်း ဖွင့်လှစ်ထားရှိခဲ့ရာနိုင်ငံတကာမှလာရောက်သည့် သဘာဝကိုအခြေခံသော ခရီးသွားများအနေဖြင့် သွားရောက်အပန်းဖြေလှေ့လာနိုင်ရန် ခရီးသွားစခန်းများကို ဖော်ပြလိုက်ပါသည်။

**ခါကာဘိုရာဇီအမျိုးသားဥယျာဉ် ။** ။ ကချင်ပြည်နယ် နောင်မွန်မြို့နယ်တွင်တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၁၄၇၂ စတုရန်းမိုင်ရှိသည်။ နေပြည်တော်မှ ၁၀၃၃ မိုင်၊ ရန်ကုန်မြို့မှ ၁၂၇၃ မိုင်၊ မန္တလေးမြို့မှ ၈၅၃ မိုင်ကွာဝေးပြီး ရထား၊ ကား၊ လေယာဉ်ဖြင့်သွားရောက်ပြီး ရေခဲတောင်ဂေဟစနစ်၊ ထင်းရှူးတောများ၊ သမပိုင်းသစ်တောဂေဟစနစ်များ၊ တောရိုင်းတိရစ္ဆာန်များ၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို လေ့လာနိုင်သည်။

**အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော။** ။ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် တည်ရှိပြီး ၃၁၅ စတုရန်းမိုင်ကျယ်ဝန်းသည်။ နေပြည်တော်မှ ၁၀၃၃ မိုင်၊ ရန်ကုန်မြို့မှ ၇၇၂ မိုင်၊ မန္တလေးမြို့မှ ၃၈၂ မိုင်ကွာဝေးပြီး လေယာဉ်၊ ရထား၊ ကားဖြင့်သွားလာနိုင်ပြီး ရေတိမ်ဒေသဂေဟစနစ် ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ၊ ရှားပါး ငါးမျိုးစိတ်များ၊ ဆေးဖက်ဝင်အပင်များအားလေ့လာနိုင်ပြီး ရေလယ်ရှိ ရွှေမဥ္ဇူဘုရားသို့ သွားရောက်ဖူးမြော်နိုင်သည်။

**ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော။** ။ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူနှင့် ကောလင်းမြို့နယ်များတွင် တည်ရှိပြီး ၁၀၄ စတုရန်းမိုင်ကျယ်ဝန်းသည်။ နေပြည်တော်မှ မိုင် ၃၅၀၊ ရန်ကုန်မြို့မှ ၆၅၇ မိုင်၊ မန္တလေးမြို့မှ မိုင် ၁၆၀ ကွာဝေးကာ ရထား၊ ကားများဖြင့် သွားလာနိုင်ပြီး အင်တိုင်းတောဂေဟစနစ်နှင့် ရွှေသမင်များ နေထိုင်ကျက်စားမှုတို့ကို လေ့လာနိုင်သည်။

**အလောင်းတော်ကဿပအမျိုးသားဥယျာဉ်။** ။ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၊ ကနီမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် ပုလဲမြို့နယ်တို့တွင်တည်ရှိပြီး ၆၁၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ နေပြည်တော်မှ ၃၂၅ မိုင်၊ ရန်ကုန်မြို့မှ မိုင် ၅၈၀၊ မန္တလေးမြို့မှ ၁၇၅ မိုင်ကွာဝေးပြီး ကားဖြင့်လည်းကောင်း၊ ရန်ကုန်နှင့် နေပြည်တော်မှ မန္တလေးသို့ လေယာဉ်ဖြင့် သွားပြီး ထိုမှဆက်၍ ကားဖြင့်လည်းကောင်း သွားလာနိုင်ပြီး ရွက်ပြတ်ရောနှောတော၊ အင်တိုင်းတော၊ ထင်းရှူးတောများ၏ဂေဟစနစ် သဘာဝအတိုင်းကျက်စားနေထိုင်သည့် တောရိုင်းတိရစ္ဆာန်မျိုးစုံကို ကြည့်ရှုလေ့လာနိုင်၍ ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ အလောင်းတော်ကဿပကို ဖူးမြော်ကြည်ညိုနိုင်သည်။

**အမျိုးသားကန်တော်ကြီးဥယျာဉ်။** ။ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် တည်ရှိပြီး သုည ဒသမ ၆၈ စတုရန်းမိုင်ကျယ်ဝန်းသည်။ နေပြည်တော်မှ မိုင် ၂၂၀၊ ရန်ကုန်မြို့မှ မိုင် ၄၇၀ ကွာဝေးပြီး လေယာဉ်၊ ရထား၊ ကားဖြင့်လည်းကောင်း၊ မန္တလေးမြို့မှ ၄၂ မိုင်အကွာတွင်တည်ရှိပြီး ကားဖြင့်လည်းကောင်း သွားလာနိုင်သည်။ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် မြန်မာနိုင်ငံ၏ ထင်ရှားသော ရုက္ခဗေဒဥယျာဉ်ကြီးတစ်ခုဖြစ်သည်။ ထို့ပြင် ဥယျာဉ်အတွင်း၌ သစ်ခွဥယျာဉ်၊ လိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်၊ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်များအား လေ့လာနိုင်သည်။

**အမျိုးသားအထိမ်းအမှတ်ဥယျာဉ်။** ။ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင်တည်ရှိပြီး မြန်မာနိုင်ငံရှိ ပုံစံငယ် သမိုင်းဝင်စေတီပုထိုးများ၊ ယဉ်ကျေးမှုအဆောက်အအုံများ၊ ရှေးဟောင်းနန်းတော် အထင်ကရ သဘာဝပထဝီဘူမိရုပ်သွင်များ၏ ပုံစံငယ်များ၊ သစ်ပင်ပန်းမန်များအား လေ့လာနိုင်သည်။

**နတ်မတောင်အမျိုးသားဥယျာဉ်။** ။ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်နှင့် မတူပီမြို့နယ်တို့တွင် တည်ရှိပြီး ၂၇၉ စတုရန်းမိုင် ကျယ်ဝန်းသည်။ နေပြည်တော်မှ မိုင် ၃၅၀၊ ရန်ကုန်မြို့မှ မိုင် ၄၆၀၊ မန္တလေးမြို့မှ မိုင် ၃၅၀ ကွာဝေး၍ ကားဖြင့် သွားလာနိုင်ပြီး တောင်ပေါ်အမြဲစိမ်းတောနှင့် ဆာဗားနားမြက်ခင်းဂေဟစနစ်၊ ရှားပါးသစ်ခွ၊ ငှက်မျိုးစိတ်များ၊ ဒေသခံချင်းလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများကိုလည်း လေ့လာနိုင်သည်။

**ပုပ္ပားတောင်ဥယျာဉ်။** ။ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင်တည်ရှိပြီး ၄၉ စတုရန်းမိုင် ကျယ်ဝန်းသည်။ နေပြည်တော်မှ မိုင် ၁၈၀၊ ရန်ကုန်မြို့မှ မိုင် ၄၁၀ ကွာဝေး၍ ရထား၊ ကားဖြင့်လည်းကောင်း၊ မန္တလေးမြို့မှ မိုင် ၁၇၀ကွာဝေး၍ ကားဖြင့်လည်းကောင်း သွားလာနိုင်ပြီး အပူပိုင်းဒေသသစ်တော ဂေဟစနစ် အမျိုးမျိုး၊ ဆေးဖက်ဝင်အပင်များ၊ မျောက်မျက်ကွင်းဖြူများ နေထိုင်ကျက်စားမှု၊ ရိုးရာယုံကြည်ရာ နတ်ကွန်းနတ်နန်းများ၊ ဂေါက်သီးရိုက်ကစားခြင်းနှင့် မြင်းစီးခြင်းတို့ကို ကြည့်ရှုလေ့လာနိုင်သည်။

**ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော။** ။ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် စေတုတ္တရာမြို့နယ်၊ စကုမြို့နယ်နှင့် ငဖဲ မြို့နယ်တို့တွင် တည်ရှိပြီး ၂၁၃ စတုရန်းမိုင် ကျယ်ဝန်းသည်။ နေပြည်တော်မှ ၃၂၅ မိုင်၊ မန္တလေးမြို့မှ ၂၄၅ မိုင် ကွာဝေး၍ ကားဖြင့်လည်းကောင်း၊ ရန်ကုန်မြို့မှ ၃၈၅ မိုင် ကွာဝေး၍ ကားဖြင့်လည်းကောင်း သွားလာနိုင်ပြီး ရွှေသမင်နှင့် ကြယ်လိပ်များ ကျက်စားရာ ဂေဟစနစ်ကို လေ့လာနိုင်သည်။ ရွှေစက်တော်ရှိ ဘုရားခြေတော်ရာ နှစ်ဆူမှာလည်း ထင်ရှားသည်။

**အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော။** ။ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့တွင် တည်ရှိပြီး ၂၄၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ နေပြည်တော်မှ မိုင် ၂၄၀ ကွာဝေး၍ ကားဖြင့် လည်းကောင်း၊ ရန်ကုန်မြို့မှ မိုင် ၄၃၀၊ မန္တလေးမြို့မှ မိုင် ၂၄၀ ကွာဝေး၍ လေယာဉ်နှင့် ကားဖြင့် လည်းကောင်း သွားလာနိုင်ပြီး ဖောင်တော်ဦးဘုရား၊ ရေတိမ်ဒေသဂေဟစနစ်၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုရိုးရာဓလေ့များနှင့် ရေပျော်ငှက်မျိုးများလည်းလေ့လာနိုင်သည်။

**မိုးယွန်းကြီးအင်းဘေးမဲ့တော**။ ။ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်တွင် တည်ရှိပြီး စတုရန်းမိုင် ၄၀ ကျယ်ဝန်းသည်။ နေပြည်တော်မှ မိုင် ၁၈၀၊ ရန်ကုန်မြို့မှ မိုင် ၇၀ကွာဝေး၍ ရထား၊ ကားဖြင့်လည်းကောင်း၊ မန္တလေးမြို့မှ မိုင် ၃၃၀ အကွာတည်ရှိ၍ လေယာဉ်၊ရထား၊ ကားဖြင့်လည်းကောင်း သွားလာနိုင်ပြီး ရေတိမ်ဒေသဂေဟစနစ်၊ ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များကို လေ့လာနိုင်သည်။

**လှော်ကားဥယျာဉ်**။ ။ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် တည်ရှိပြီး ၂ ဒသမ ၄၁ စတုရန်းမိုင်ကျယ်ဝန်းသည်။

**စိမ်းလန်းစိုပြည်နေသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်။**

**ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ရွှေသမင်။**

နေပြည်တော်မှ မိုင် ၂၄၀၊ မန္တလေးမြို့မှ မိုင် ၄၄၀ ကွာဝေး၍ လေယာဉ်၊ ရထား၊ ကားဖြင့် လည်းကောင်း၊ ရန်ကုန်မြို့မှ မိုင် ၂၀ အကွာတွင်တည်ရှိ၍ကားဖြင့်လည်းကောင်းသွားလာနိုင်ပြီး တိရစ္ဆာန်များ၏ သဘာဝအတိုင်း နေထိုင်ကျက်စားမှု၊ အပျော်တမ်းလှေစီးခြင်းတို့ကိုလေ့လာနိုင်သည်။

**မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**။ ။ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် တည်ရှိပြီး ၅၃ စတုရန်းမိုင်ကျယ်ဝန်းသည်။ နေပြည်တော်မှ မိုင် ၃၄၀ ကွာဝေး၍ လေယာဉ်၊ ရထား၊ ကားဖြင့်လည်းကောင်း၊ ရန်ကုန်မြို့မှ မိုင် ၉၀ ကွာဝေး၍ ရေယာဉ်၊ ကားဖြင့်လည်းကောင်း သွားလာနိုင်ပြီး ဒီရေတောဂေဟစနစ်၊ မိကျောင်း၊ နို့တိုက်သတ္တဝါများနှင့် ရေနေသတ္တဝါများကို လေ့လာနိုင်သည်။

**လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်**။ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်းတည်ရှိပြီး ၇၉ ဒသမ ၀၉ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့် ပထမဆုံးအဏ္ဏဝါအမျိုးသားဥယျာဉ်ကြီး ဖြစ်သည်။ ကော့သောင်းမြို့မှ ရေမိုင် ၆၀၊ ဘုတ်ပြင်းမြို့မှ ရေမိုင် ၄၀၊ မြိတ်မြို့မှ ရေမိုင် ၉၀ ကွာဝေးသော ပင်လယ်ပြင်တွင်တည်ရှိပြီး တနင်္သာရီကမ်းရိုးတန်းနှင့် ၁၂ မိုင်ကွာဝေးကာ ရေကြောင်းလမ်းတစ်ခုသာရှိသည်။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၌ ဒီရေတောနှင့် အမြဲစိမ်းတောဂေဟစနစ်များ၊ လင်းပိုင်၊ ပင်လယ်လိပ်မျိုးများ၊ ပင်လယ်ငှက်များ၊ ပင်လယ်ရေမှော်၊ ပင်လယ်မြက်၊ သန္တာကျောက်တန်းများနှင့် ယင်းသန္တာကျောက်တန်းများကြားခိုလှုံမျိုးပွားနေသော သတ္တဝါမျိုးစိတ်များကို လေ့လာနိုင်သည်။

ဤသို့ မြန်မာနိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အပံ့ပေးနေသည့် သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများအကြောင်း အများပြည်သူသိရှိလေ့လာနိုင်ရန် စုစည်းဖော်ပြလိုက်ရပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်သူများအဖွဲ့ (IOM) မှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဇွန် ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်သူများအဖွဲ့ (International Organization for Migration-IOM) မှ Migration Expert Mr. Knight David Richard နှင့် ရန်ကုန်မြို့ရှိ IOM ရုံးမှ Chief of Mission Ms. Mariko Tomiyama တို့သည် မေ ၃၀ ရက် နံနက် ၁၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ဝန်ကြီးဌာနနှင့် IOM တို့အကြား လူဝင်မှုကြီးကြပ်ရေးစီမံခန့်ခွဲမှုနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရေဆိပ်၊ လေဆိပ်နှင့် နယ်စပ်စစ်ဆေးရေးဂိတ်များ၌ စနစ်တကျ စစ်ဆေးစီမံခန့်ခွဲနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးနှင့် နည်းပညာများ၊ သင်တန်းများ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ-ရုရှားနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆဋ္ဌမအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ မော်စကိုမြို့၌ကျင်းပ

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အီဂေါ် မော်ဂူလော့ဗ်တို့ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**ရန်ကုန် ဇွန် ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား သဘောတူညီချက်အရ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို နှစ်နိုင်ငံမြို့တော်များ၌ တစ်လှည့်စီ ကျင်းပလျက်ရှိရာ ဆဋ္ဌမအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၉ ရက်တွင် မော်စကိုမြို့၌ ကျင်းပရန်ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ မေ ၂၈ ရက်မှ ၃၀ ရက်အထိ သွားရောက်ကာ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်ကျင်းပသော တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့ရှိ မြန်မာသံအမတ်ကြီး ဦးမင်းသိန်း လိုက်ပါလျက် ရုရှားဖက်ဒရေးရှင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အီဂေါ် မော်ဂူလော့ဗ် ဦးဆောင်သော ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေသောကိစ္စများ၊ တိုးချဲ့ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စများကို ပွင့်လင်းစွာ ဆွေးနွေးကြပြီး နှစ်ဖက်စိတ်ဝင်စားသည့် နိုင်ငံတကာ အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဒုတိယ နိုင်ငံခြားရေးဝန်ကြီး အနေဖြင့် မြန်မာနိုင်ငံ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားနိုင်ခဲ့ပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ အနေဖြင့် ကုလသမဂ္ဂအတွင်း၌ လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများအတွင်း၌ လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့သည်။

ရုရှားဖက်ဒရေးရှင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရုရှားနိုင်ငံသည် လတ်တလော မြန်မာနိုင်ငံ ဖြစ်ပေါ်တိုးတက်မှုများကို ကြားသိရသဖြင့် မိတ်ဆွေနိုင်ငံအဖြစ်ဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေးတွင် တိုးတက်မှုများပိုမိုရရှိရန်၊ ကုန်သွယ်စီးပွားဆက်ဆံရေး တိုးမြှင့်ရန်များကို ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၃၁ ရက်တွင် ဗန်ကောက်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

# ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**နေပြည်တော် ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများက ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဘောပင်များနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့ရှိ အထက(၂)၊ အထက(၃)၊ အထက(၁)၊ အလက(၄)၊ အလက(၂)နှင့် ညောင်ပင်စောက်အလက(ခွဲ)များ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသုံးဗလာစာအုပ်များနှင့် ဖတ်စာအုပ်များထောက်ပံ့ ပေးအပ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မေ ၃၁ ရက် နံနက်ပိုင်းတွင် ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့သစ် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲသို့တက်ရောက်ရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်သိန်းနှင့် အလှူရှင် ရွှေနဂါးမင်းကုမ္ပဏီ စီမံကိန်းမန်နေဂျာ ဦးဇော်မင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် အလှူရှင်တို့က ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွက် အားကစားပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ကြသည်။

ယနေ့ဖွင့်လှစ်သည့် အောင်ဇေယျ ကျောင်းဆောင်သစ်နှင့် ဗန္ဓုလကျောင်းဆောင်သစ်တို့မှာ အလျားပေ ၁၂၀ စီ၊ အနံပေ ၃၀ စီနှင့် အမြင့် ၁၂ ပေစီ ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ထားဝယ်၌ ကျင်းပ

**နေပြည်တော် ဇွန် ၁**

တနင်္သာရီတိုင်းဒေသကြီး ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီး အထွေထွေရောဂါကုဆေးရုံကြီးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဝင်းဆွေက အမှာစကားပြောကြားသည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇေယျက ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောင်းအပ်နှံရေးနေ့အခမ်းအနား ဝိုင်းမော်မြို့၌ ကျင်းပ

**နေပြည်တော် ဇွန် ၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပရာ ပြည်နယ်ပညာရေးမှူး ဦးချစ်ဆွေက ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလှူရှင်များက ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ အလယ်တန်းအဆင့် ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ စာရေးကိရိယာများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတို့က လက်ခံခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မုတ်သုံလေအားကောင်းနေ

နေပြည်တော် ဇွန် ၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင်နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ဖလမ်းမြို့တွင် ၉ ဒသမ ၃၇ လက်မ၊ ကျိုက်မရောမြို့တွင် ၇ ဒသမ ၀၁ လက်မ၊ ပလက်ဝမြို့တွင် ၄ ဒသမ ၆၉ လက်မ၊ စစ်တွေမြို့တွင် ၄ ဒသမ ၃၂ လက်မ၊ ကျိုက္ခမီမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၃ ဒသမ ၆၆ လက်မစီ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၁၅ လက်မနှင့် ဟားခါးမြို့တွင် ၃ ဒသမ ၀၃ လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

# နေပြည်တော်ခရိုင်ရုံး၌ စာအုပ်ပြပွဲကျင်းပ

**နေပြည်တော် ဇွန် ၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်ပျဉ်းမနားမြို့ ခရိုင်ရုံးစာကြည့်တိုက်တွင် ဒေသအတွင်းမှ ပြည်သူများ စဉ်ဆက်မပြတ် ထိတွေ့စာဖတ်သည့် အလေ့အထကောင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာစေပြီး စာကြည့်တိုက်တွင် စာဖတ်သူတိုးပွားလာစေရေးကို ရည်ရွယ်၍ စာအုပ်ပြပွဲကို မေ ၃၁ ရက် နံနက် ၁၀ နာရီက ခရိုင်ရုံး စာကြည့်တိုက်အတွင်း၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင်က ရှင်းလင်းဆွေးနွေးပြီး ပျဉ်းမနားမြို့ပေါ် ငါးရပ်ကွက်မှ စာပေဝါသနာရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ခရိုင်ရုံး စာကြည့်တိုက်မှ ခင်းကျင်းပြသထားသော သုတစာအုပ်မျိုးစုံကို စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။**(အပေါ်ပုံ)**

(ကြေးမုံ)

# ငါးရစ်တစ်ကောင် သုံးလရှောင် ထောင်သောင်းတိုးပွား ရေရှည်စား

**မေ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း၏ စီစဉ်မှုဖြင့် အသင်းဒု-ဥက္ကဋ္ဌ ဦးပြည်အေးနှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်၍ မူးယစ်ကြီးကြပ်ရေးမှူးများ၏ နောက်ဆက်တွဲ စောင့်ရှောက်မှုခံယူလျက်ရှိသည့် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား အာဟာရနှင့် ဆေးဝါးပစ္စည်းများအား အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်စဉ်။**

(ကြေးမုံ)

# ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ (၂)ရပ် ပူးပေါင်း၍ ချင်းပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁**

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ(၂)ရပ် ပူးပေါင်း၍ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များတွေ့ဆုံပွဲကို မေ ၃၁ ရက် နံနက် ၈ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ **(ယာပုံ)** ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်နေသောလုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းက ပြည်နယ်လွှတ်တော်၏ လုပ်ငန်းများဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများက ဆွေးနွေးတင်ပြကြရာ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဥတုရာသီ တောကိုမှီ၏**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

**ရန်ကုန် ဇွန် ၁**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PETROVIETNAM EXPLORATION PRODUCTION OVERSEAS Co.,Limited. မှ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် Geophysical Survey နှင့် Geotechnical တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV DAYANG SARI နှင့် MV VOLANS တို့ဖြင့် ဆောင်ရွက်မည့် တည်နေရာဧရိယာဖြစ်သော Block M 2 (SURVEY AREA) Point A မြောက်လတ္တီတွဒ် (၁၅)ဒီဂရီ (၂၉)မိနစ်၊ အရှေ့လောင်ဂျီတွဒ် (၉၄)ဒီဂရီ (၄၅)မိနစ်၊ Point B မြောက်လတ္တီတွဒ် (၁၅)ဒီဂရီ (၂၃)မိနစ်၊ အရှေ့လောင်ဂျီတွဒ် (၉၄)ဒီဂရီ (၄၃)မိနစ်၊ Point C မြောက်လတ္တီတွဒ် (၁၅)ဒီဂရီ (၂၂)မိနစ်၊ အရှေ့လောင်ဂျီတွဒ် (၉၄)ဒီဂရီ (၄၉)မိနစ်နှင့် Point D မြောက်လတ္တီတွဒ် (၁၅)ဒီဂရီ (၂၇)မိနစ်၊ အရှေ့လောင်ဂျီတွဒ် (၉၄)ဒီဂရီ (၅၁)မိနစ်အတွင်းတွင် ၂၀၁၂ ခုနှစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အဆိုပါ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 ၌ Geophysical Survey နှင့် Geotechnical လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလကြေညာသတ်မှတ်ထားသည့် နေ့ရက်တွင် အချိန်မီပြီးစီးနိုင်ခြင်း မရှိပါသဖြင့် တိုင်းတာရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ် ဇွန် ၁ ရက်မှ ဇွန် ၁၅ ရက်အထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် Geophysical Survey နှင့် Geotechnical တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV DAYANG SARI နှင့် MV VOLANS တို့ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

## ကြေးမုံ ဓာတ်ပုံသတင်း မြင်ကွင်း

### တာဝန်ကျေသော ရဲသားကြီးများ

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ယခင်နှစ်များနှင့်မတူ ပိုမိုလာရောက်လျက်ရှိရာ ရောက်ရှိလာသည့် ဧည့်သည်များကို ဧည့်ဝတ်ပျူငှာစွာ ဆက်ဆံ၍ လိုအပ်သည်များကိုလည်း အကူအညီပေးကြရန် နှိုးဆော်ထားသလို ယခု ရန်ကုန်မြို့ ဆူးလေလူကူးခုံးတံတားပေါ်၌ တာဝန်ကျရဲဝန်ထမ်းတစ်ဦးက ကမ္ဘာလှည့်တစ်ဦးအား အကူအညီပေးခဲ့သည်ကို ကမ္ဘာလှည့်ခရီးသည်က ပြန်လည်ကျေးဇူးတင်ခဲ့ပုံကို တွေ့ရစဉ်။

ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုများမဖြစ်ပေါ်စေရေးအတွက် အများဆုံးယာဉ်ကြောပိတ်နိုင်သည့် နေရာများ၌ ယာဉ်ထိန်းရဲများ တာဝန်ချထား၍ ဆောင်ရွက်လျက်ရှိရာ သွားလာရေးအဆင်ပြေလျက်ရှိသည်။ ယင်းပုံမှာ လမ်း(၃၀)ကားမှတ်တိုင်အနီးတွင် တာဝန်ကျယာဉ်ထိန်းရဲတစ်ဦးက ယာဉ်သွားယာဉ်လာ အဆင်ပြေအောင် မမောနိုင်၊ မပန်းနိုင် လမ်းကြောင်းရှင်းပေးနေသည်ကို တွေ့ရစဉ်။

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ကျောင်းပြင်ပ မူလတန်းပညာရေး ဗဟိုအဆင့်နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁**

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေးဗဟိုအဆင့်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သိဂီမြိုင်ခန်းမ၌ ကျင်းပရာ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက အမှာစကားပြောကြားရာ၌ **(ယာပုံ)** ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်တွင် ဗဟိုအဆင့်နည်းပြသင်တန်းသည် အဓိကကျသည့်သင်တန်းဖြစ်ကြောင်း၊ ယခုပညာသင်နှစ်တွင် ကျောင်းပြင်ပမူလတန်းပညာရေး နည်းပြသင်တန်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပဲခူးမြို့များ၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ အဆိုပါ သင်တန်း (၃)နေရာ၌ သင်တန်းနည်းပြများအဖြစ် ဆောင်ရွက်ကြမည့်သူများအား ယခု သင်တန်းပို့ချပေးခြင်းဖြစ်ကြောင်း၊ နည်းပြကောင်းများဖြစ်ရေးအတွက် ယခုသင်တန်းက ပို့ချပေးသည်များကို ထက်သန်တက်ကြွစွာ ကြိုးစားသင်ယူကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူတိုင်းအတွက်ပညာရေး နိုင်ငံအဆင့်လုပ်ငန်းညှိနှိုင်းရေးမှူး ဦးတင်ညိုက ကျောင်းပြင်ပ မူလတန်းပညာရေး အစီအစဉ် ဆောင်ရွက်နိုင်ရေးအတွက် အစပျိုးစမ်းသပ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစ၍ ယခုအထိ နှစ်စဉ်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် မြို့နယ် ငါးမြို့နယ်၌ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မြို့နယ် ၂၈ မြို့နယ်၊ ပညာရေးဝန်ကြီးဌာန၊ ယူနီဆက်အဖွဲ့နှင့် ပြည်တွင်းအလှူရှင်များ ပူးပေါင်းဆောင်ရွက်သည့် မြို့နယ် ၃၇ မြို့နယ်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြည်တွင်းအလှူရှင်များ ပူးပေါင်းဆောင်ရွက်သည့် နေပြည်တော်ကောင်စီနယ်မြေရှစ်မြို့နယ် စုစုပေါင်းမြို့နယ် ၇၃ မြို့နယ်၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## တစ်ဧက တင်း ၂၅၀ ပုလဲသွယ်

ဝက်လက်မြို့ အဝင်လမ်း ဝဲ၊ယာမှာ စိမ်းစိမ်းညို့ညို့မြစိမ်းရောင် ကမ္ဘာလာထည်ကြီး ခင်းထားသည့်အလား တစ်မျှော်တစ်ခေါ်ပင်။ စပါးခင်းကြီးများကို တွေ့မြင်ရသည်။ မကြာမီ ရွှေရောင်သန်းလာကြတော့မည်။

ဝက်လက်သားတို့ နေပြည်တော်အထိ တက်ပြီး မျိုးကောင်းမျိုးသန့်ရရှိရေး စိုက်ပျိုးခွင့်ကြိုးစားထားသည့် နာမည်ကြီး ပုလဲသွယ်စပါး စိုက်ခင်းများဖြစ်သည်။

တစ်ဧက မြေဆီအသုံးပြုစရိတ်၊ လောင်စာစရိတ်၊ ထွန်ယက်စိုက်ပျိုးစရိတ် သုံးသိန်းနီးပါး ကုန်ကျမှုရှိကြောင်း သိရသည်။

တစ်ဧက အထွက်နှုန်း တင်း ၂၅၀ ထွက်ရှိမည်ဟု မျှော်လင့်ထားကြောင်း ဝက်လက်သား တောင်သူတစ်ဦးက ပြောပြသည်။

ပုလဲသွယ်တင်း ၁၀၀ ကို ကျပ်လေးသိန်းဈေးဖြင့် သက်ဆိုင်ရာမှဖြတ်ပြီး ဝယ်ယူမည့်အကြောင်းလည်း သိရသည်။ ဝက်လက်သား တောင်သူတို့လက်များ ရွှေသီးပေဦးမည်။

၂၀၁၁ ခုနှစ်တွင် ဝက်လက်မြို့ အနောက်ခြမ်းမှ တောင်သူများ နွေစပါး၊ မိုးစပါး(နှစ်သီးလုံး) အရှုံးကြီးရှုံးအထိနာခဲ့သည်။

နွေစပါးစိုက်ပြီးချိန်တွင် အခါမဟုတ်မိုးက တစ်လကျော်နှစ်လနီးပါး ဆက်တိုက်ရွာခဲ့သည်။မိုးကြောင့် လယ်ကွက်ထဲတွင် လှေနှင့် ရိတ်သိမ်းသယ်ယူခဲ့ရသည်။ အချို့က အထမ်းငှား သယ်ယူခဲ့ရသည်။ ကုန်ကျစရိတ် ကြီးခဲ့သည်။

မိုးစပါး စိုက်ပြီးချိန် မိုးကောင်းခဲ့ပြန်သည်။

ပင်းဇင်းရွာနှင့်လှုတောရွာကြား တောင်နှင့်မြောက်ရေဆိုးတစ်ခုရှိသည်။ အဆိုပါရေဆိုးက ရေလျှံသည်။ လျှံသောရေက တော်တော်နှင့်ပြန်မကျ။ သားနားရွာ၊ မောက်ကျိုးရွာ၊ လှုတောရွာ၊ မူးကြီးရွာ၊ ပင်းဇင်းရွာမှ ကွင်းတချို့ ရေနစ်သည်။ သားနားရွာတွင်းက နှစ်ခါပြန်စိုက်ရပြီး နှစ်ခါနစ်ခဲ့သည်။ ၁၂ ဧက စိုက်တောင်သူတစ်ယောက်က အနှံများ တစ်လစ်ဖြစ်နေသဖြင့် တံစဉ်လွတ်ခဲ့ရကြောင်း၊ မိုးစပါး ဆုံးရှုံးမှုဖြစ်ရကြောင်း ပြောပြခဲ့သည်။

အသုံးပြုမြေဆီဖိုး၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး လောင်စာစရိတ်များ အကြွေးမဆပ်နိုင်ကြ၊ အစိုးရဘဏ်စိုက်ဘဏ်သည်ပင် ချေးငွေဆပ်ရက် နောက်ဆုတ်သတ်မှတ်ခဲ့ရသည်။

စပါးကောက်လှိုင်းများ ရေနစ်မိုးမိခြင်း၊ စပါးပုံများ မိုးမိခြင်းကြောင့် ဆန်ထွက်မကောင်း ဖြစ်ခဲ့သည်။

စပါးဈေးက ဈေးမရသည်အထဲ ဝယ်မည့်ပွဲစားမရှိအောင် ကြုံခဲ့ကြရ၏။ ဆန်စက်စပါးပို့၊ ကြိတ်ခွဲဆန်ကိုကြည့်ပြီးမှ စက်ကဈေးဖြတ်ပြီး ဝယ်သည်။ ဈေးကောင်းမရ။

အထွက်နှုန်းက တစ်ဧက တင်း ၆၀ စပါးဈေးကမရှိ။ ထုတ်လုပ်စရိတ်ကကြီးခဲ့သည်။ အားနည်းချက်က စံချိန်စံညွှန်းမီ မြေဆီကောင်းများက ဈေးကြီးသဖြင့် တောင်သူများ မသုံးနိုင်ခြင်း ဖြစ်သည်။

ဈေးပေါသော နယ်စပ်မြေဆီများကို သုံးခဲ့ရသဖြင့် အထွက်နှုန်းမကောင်း ဖြစ်ခဲ့ရသည်။ ယခုနှစ် ရေဆိုးကြီးကို စက်ယန္တရားကြီးများ အကူအညီနှင့် မြေသားများကော်ပြီး ပြုပြင်ထားသည်။

ရေဆိုး ရေလျှံခြင်းက သက်သာနိုင်သည်။

၂၀၁၁ ခုနှစ်သည် ဝက်လက်မြို့နယ် အနောက်ခြမ်းမှ တောင်သူများ နွေစပါး၊ မိုးစပါး အရှုံးကြီး ရှုံး အထိနာခဲ့သော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။

တောင်သူအချို့ ၂၀၁၂ ခုနှစ် နွေစပါး၊ မစိုက်ပျိုးနိုင်။ နှမ်းကြဲရန် ထယ်ရေးဝင်ထားသော်လည်း မိုးခေါင်သဖြင့် နှမ်းမကြဲနိုင်သေး။

ဝက်လက်သား တောင်သူများအပါအဝင် မြို့နယ်အနောက်ခြမ်းမှ တောင်သူအချို့ ပုလဲသွယ်နှင့်နွေစပါးကို ကြိုးစားလုပ်ကိုင်လာကြသည်။ ပုလဲသွယ်စိုက်ဧက ၈၀၀ ကျော်ရှိကြောင်း သိရသည်။ ကြည်ဇော်ဝင်း(ဝက်လက်)

# မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအင်ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာတစ်ရပ် ပေါ်ထွက်လာရေး

**နိဒါန်း**

လက်ရှိမြန်မာနိုင်ငံတွင် အရေးတကြီးဖြေရှင်းဆောင်ရွက်ရမည့် စိန်ခေါ်မှုမှာ လတ်တလော လျှပ်စစ်စွမ်းအင်ဖူလုံရေးနှင့် ရေရှည်လျှပ်စစ်စွမ်းအင်လုံခြုံရေးဟု ရှုမြင်မိသည်။ စိန်ခေါ်မှုများကို ရှုမြင်သုံးသပ်ရာတွင် ပကတိအခြေအနေမှန်များကို သုတေသနဖန်ပြားပေါ်တင်၍ ဘက်မလိုက်တမ်း သုံးသပ်လေ့လာကြည့်မှသာ အနီးစပ်ဆုံးသောအဖြေမှန်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးနောက် စတင်ဆောင်ရွက်ခဲ့သော KTA Development Plan မှ အစပြု လျက် လက်ရှိအစိုးရသစ်လက်ထက်အထိ အမျိုးမျိုးသော မဟာဗျူဟာအပြောင်းအလဲ၊ မူဝါဒအချိုးအကွေ့များ ကြုံတွေ့ခဲ့ရခြင်းသည် လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်စွမ်းအင်အကျပ်အတည်းသို့ ဆိုက်ရောက်စေခဲ့သည်ဟု ကောက်ချက်ချနိုင်သည်။ ဤအတွက် လက်ညှိုးထိုးအပြစ်ဖို့စရာ ရှာဖွေဖော်ထုတ်နေခြင်း သက်သက်ဖြင့် လက်ရှိကြုံတွေ့နေရသော အမျိုးသားလျှပ်စစ်စွမ်းအင် အကျပ်အတည်းကို ကျော်လွှားနိုင်မည်မဟုတ်ပေ။ လမ်းကြောင်းမှန်ပေါ် ရောက်ရှိစေမည့် မူဝါဒသစ်ကို ရှာဖွေပြောင်းလဲရမည်ဖြစ်သည်။

အဓိက မီးမောင်းထိုးတင်ပြလိုသည့်အချက်မှာ နိုင်ငံရေး၊ စီးပွားရေး လွတ်လပ်ပွင့်လင်းလာသော လက်ရှိအခင်းအကျင်းတွင် တစ်မျိုးသားလုံးရင်ဆိုင်နေရသော လျှပ်စစ်စွမ်းအင်ဖြေရှင်းနိုင်ရေးကိုသာ မျက်မှောက်ပြုကြရန်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အမျိုးသားစွမ်းအင်လုံခြုံရေးပြဿနာကို ယနေ့ နိုင်ငံသားတိုင်း ကြုံတွေ့ရင်ဆိုင်နေရသောကြောင့် လက်တွေ့ကျ၍ ရေရှည်တည်တံ့နိုင်သော အမျိုးသားစွမ်းအင်လုံခြုံရေးမဟာဗျူဟာကို ချမှတ်ဖော်ဆောင်နိုင်ရေး လိုအပ်လာခြင်းပင် ဖြစ်သည်။

**လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးမှု လုပ်ကိုင်ခွင့်နှင့် ဥပဒေများ ပြုပြင်ပြောင်းလဲရေး**

လွတ်လပ်ရေးရရှိပြီးကာလမှ ၁၉၈၄ ခုနှစ်အထိ လျှပ်စစ်ဌာနဟူ၍ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းအဖြစ် အမှတ်(၂)စက်မှုဝန်ကြီးဌာန အောက်တွင်ရှိခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ စွမ်းအင်ဝန်ကြီးဌာနအောက်တွင်ရှိခဲ့သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သယ်ပို့ဖြန့်ဖြူးရေးလုပ်ငန်းအားလုံးကိုလည်း ၎င်းကာလများအတွင်း လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းကသာ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ တပ်မတော်အစိုးရလက်ထက် ၁၉၉၇ ခုနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟူ၍ သီးခြားဝန်ကြီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းထူထောင်ကာ ၂၀၀၆ ခုနှစ်အထိ ယင်းဝန်ကြီးဌာနတစ်ခုတည်းကသာ ဓာတ်အားထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ် မေလတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနနှစ်ခုခွဲကာ ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရေးကို တာဝန်ခွဲဝေဆောင်ရွက်စေခဲ့ကြောင်း တွေ့ရှိရသည်။ ပုဂ္ဂလိကကဏ္ဍပါဝင်မှုကိုလေ့လာကြည့်လျှင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို တည်ဆောက်မှုနှင့်ထုတ်လုပ်မှုအပိုင်းတွင် ပြည်ပကုမ္ပဏီများနှင့် ဆက်စပ်၍ပါဝင်နိုင်သော အခွင့်အလမ်းများစတင်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ သို့သော်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုများတွင် ဈေးကွက်စီးပွားရေး၏ ကြန်အင်လက္ခဏာများဖြစ်သော ပုဂ္ဂလိကလက်ဝယ် လွတ်လပ်စွာလုပ်ကိုင်ခွင့်၊ ဈေးကွက်နှင့်စားသုံးသူအကြား လွတ်လပ်စွာယှဉ်ပြိုင်နိုင်ခွင့်၊ ဥပဒေကြောင်းအရ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဆိုင်ရာလုံခြုံမှုအတွက် အာမခံပေးနိုင်သော ဥပဒေ၊ နည်းဥပဒေများ တိတိကျကျပြဋ္ဌာန်းထားခြင်း စသည်တို့မရှိသေးကြောင်း တွေ့ရှိနိုင်သည်။

၁၉၈၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဒေသများရှိ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၅၁ နိုင်ငံ၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုဆိုင်ရာ သုတေသနပြုလုပ်မှုတစ်ရပ်အရ ထုတ်လုပ်ဖြန့်ဖြူးမှုများ ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်ခုနစ်မျိုးကို အောက်ပါအတိုင်းတွေ့ရှိရသည်-

(၁) နိုင်ငံပိုင်ကော်ပိုရေးရှင်းများတွင် ကုန်ကျစရိတ်မြင့်မားခြင်း၊ ဝန်ဆောင်မှုမတိုးချဲ့နိုင်ခြင်း၊ တည်ငြိမ်စိတ်ချရခြင်းမရှိသော ဖြန့်ဖြူးမှုများစသည်တို့ကြောင့် အားနည်းနေခြင်း၊

(၂) စီးပွားရေးတိုးတက်လာသည်နှင့်အမျှ မြင့်တက်လာနေသော ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု၊ ကြံ့ခိုင်ထိန်းသိမ်းမှု၊ အဆင့်မြှင့်တင်မှုစသည့်စရိတ်များကို နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် လုပ်ဆောင်နိုင်စွမ်းမရှိတော့ခြင်း၊

(၃) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုများတွင် လည်းကောင်း၊ သုံးစွဲမှုတွက်ချက်သော စက်ကိရိယာများတွင်လည်းကောင်း နည်းပညာများ လျင်မြန်စွာ တိုးတက်ပြောင်းလဲလာခြင်းကြောင့် လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးမှုတွင် ခေတ်ဟောင်းဖွဲ့စည်းတည်ဆောက်မှုများ အလုပ်မဖြစ်တော့ခြင်း၊

(၄) ပြည်သူ့ရေးရာဝန်ဆောင်မှုများတွင် အခြားသောကဏ္ဍများ၌ တိုးမြှင့်သုံးစွဲရခြင်းကြောင့် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ထောက်ပံ့ဖြည့်ဆည်းပေးနေခြင်းများ ဖယ်ရှားပေးရန် အကြောင်းဖန်လာခြင်း၊

(၅) နိုင်ငံတော်ပိုင်လုပ်ငန်းများကို ပုဂ္ဂလိကများလက်ဝယ်သို့ လွှဲပြောင်းရောင်းချခြင်းဖြင့် အချိန်တိုတိုအတွင်း ငွေကြေးအလုံးအရင်းများ ရရှိရန်လိုအပ်လာခြင်း၊

(၆) ၁၉၈၀ ပြည့်နှစ်များတွင် ချီလီ၊ အင်္ဂလန်၊ ဝေးလ်နှင့်နော်ဝေနိုင်ငံများ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့ခြင်းကြောင့် အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ယင်းသို့သောပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် လိုလားလာခြင်း၊

(၇) နိုင်ငံများ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် မဖြစ်မနေ ဆောင်ရွက်ကြရေးအတွက် ကမ္ဘာ့ဘဏ်နှင့်အိုင်အမ်အက်ဖ်ကဲ့သို့သော ဘဏ္ဍာ ရေးအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများမှ ဖိအားပေး တောင်းဆိုလာကြခြင်း။

အထက်ပါ အခြေအနေခုနစ်မျိုးမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု နယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာကြရသော အကြောင်းရင်းများ ဖြစ်နေသည်။ မြန်မာနိုင်ငံ၏ လက်ရှိဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုကဏ္ဍသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရလည်းကောင်း၊ တိုးတက်ပြောင်းလဲလာသော လူနေမှုစနစ်နှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်ခန့်မှန်းချက်များအရ လည်းကောင်း ပြုပြင်ပြောင်းလဲမှုများအရေးတကြီးဆောင်ရွက်ရန် လိုအပ်လာပြီ ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ၏ နောက်ဆက်တွဲဇယား ၁ ပါ ပြည်ထောင်စု ဥပဒေပြုစာရင်းအရ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်သော အနာဂတ်မျိုးဆက်သစ်များအတွက် ရေရှည်တည်တံ့စေမည့် ပြည်ထောင်စုလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်သည်။ ဤသည်ကို ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့မှ အခြေခံဥပဒေပါ အခွင့်အရေးများအတိုင်း လွတ်လပ်စွာယှဉ်ပြိုင်လုပ်ကိုင်နိုင်စေမည့် အခြေအနေကောင်းတစ်ရပ် ပေါ်ထွက်လာစေရန် ဥပဒေပြုပေးရန် တာဝန်ရှိသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ၏ နောက်ဆက်တွဲဇယား ၂ ပါ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းရှိ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍမှ **ပြည်ထောင်စုက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး**အတွက် ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးရေးကို သက်ဆိုင်ရာတိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ် အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်များက ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ ထိုသို့ ဥပဒေများ၊ နည်းဥပဒေများ ရှင်းလင်းခိုင်မာစွာ ပြဋ္ဌာန်းပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုများ လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုများ လျော့နည်းရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်ရေးတို့ ရရှိစေမည်ဖြစ်သည်။

အချို့က လျှပ်စစ်ဓာတ်အား မလုံလောက်မှုများနှင့်စပ်လျဉ်း၍ စနစ်ကိုအပြစ်တင်ကြသည်ကို တွေ့ရှိရသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အာမခံချက်များအား ထည့်သွင်းတွက်ချက်ရန် တင်ပြလိုခြင်းဖြစ်သည်။ စနစ်သည် ပြောင်းလဲနေပြီဖြစ်သည့်အပြင် ယင်းစနစ်မှပေးအပ်ထားသော လုပ်ကိုင်ခွင့်များ အပြည့်အဝရရှိစေရေး ကြိုးပမ်းအားထုတ်ကြရန် လိုအပ်နေသေးသည်ကို သိမြင်နားလည်မှသာ စနစ်သစ်၏ ကောင်းကျိုးများကို အပြည့်အဝရရှိခံစားနိုင်မည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ၊ လုပ်ပိုင်ခွင့်များအား အပြည့်အဝရယူအသုံးချ၍ ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးခြင်းတို့တွင် ပုဂ္ဂလိကကဏ္ဍပါဝင်လာစေရန် လမ်းဖွင့်ပေးနိုင်သည့် အခွင့်အလမ်းရှိစေရန်လည်း လိုအပ်မည်။ ဆိုလိုသည်မှာ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးမှုအကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသောစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများအား လမ်းဖွင့်ပေးခြင်းအပါအဝင် ယင်းအခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရေးသည် နိုင်ငံတော်အစိုးရနှင့် လွှတ်တော်တို့ကသာ ခေါ်ဆောင်ပေးနိုင်မည်ဟု သုံးသပ်မိသည်။

**လျှပ်စစ်စွမ်းအင်အရင်းအမြစ်များ အားကိုးအားထားပြုမှု ပြုပြင်ပြောင်းလဲရေး**

ထုတ်ပြန်ထားသော သတင်းအချက်အလက်များအရ သဘာဝအရင်းအမြစ်ပေါများမှုကိုအခြေခံ၍ မြန်မာနိုင်ငံမှရွေးချယ်ခဲ့သော လျှပ်စစ်ထုတ်လုပ်ရေး မူဝါဒသည် ရေအားလျှပ်စစ်ကိုအခြေခံခဲ့ကြောင်း တွေ့ရှိရသည်။ ယခု ၂၀၁၂ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၉ ရုံ ၂၆၆၀ မဂ္ဂါဝပ်၊ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတစ်ရုံ ၁၂၀ မဂ္ဂါဝပ်နှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၅ ရုံ ၇၁၄ မဂ္ဂါဝပ် **စုစုပေါင်းထုတ်လုပ်မှု ၃၄၉၄ မဂ္ဂါဝပ်ရှိကြောင်း** တွေ့ရှိရသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း တည်ဆောက်ဆဲစီမံကိန်းများမှ ပြီးစီးနိုင်သည့် စီမံကိန်းများကို လေ့လာကြည့်သောအခါ ချီဖွေငယ်စီမံကိန်း ၉၉ မဂ္ဂါဝပ်၊ ဖြူးစီမံကိန်း ၄၀ မဂ္ဂါဝပ်၊ သောက်ရေခပ်(၂)စီမံကိန်း ၁၂၀ မဂ္ဂါဝပ်၊ ဘီလူးချောင်း(၃)စီမံကိန်း ၅၂ မဂ္ဂါဝပ်၊ နန်ချိုစီမံကိန်း ၄၀ မဂ္ဂါဝပ်၊ အထက်ဘီလူးချောင်းစီမံကိန်း ၂၉ မဂ္ဂါဝပ်၊ အထက်ပေါင်းလောင်းစီမံကိန်း ၁၄၀ မဂ္ဂါဝပ်ဖြစ်၍ စုစုပေါင်းထပ်တိုးရရှိလာနိုင်သည့် မဂ္ဂါဝပ်မှာ ၅၀၂ သာဖြစ်ကြောင်း တွေ့ရှိရသည်။ ဤအချက်အလက်များသည် တရားဝင်ထုတ်ပြန်ထားသော သတင်းအချက်အလက်များကိုသာ အခြေခံ၍ သုံးသပ်ခြင်းဖြစ်ပါသည်။

ဓာတ်အားသုံးစွဲမှုအပိုင်းကိုလည်းလေ့လာကြည့်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၀၀ မဂ္ဂါဝပ်ခန့်၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂၀ မဂ္ဂါဝပ်ခန့်၊နေပြည်တော် ၅၀ မဂ္ဂါဝပ်၊ တောင်ကြီး ၂၅ မဂ္ဂါဝပ်၊ မုံရွာ ၁၅ မဂ္ဂါဝပ် အသီးသီးသုံးစွဲနေကြသည်။ အိမ်ထောင်စုအလိုက် လျှပ်စစ်မီးရရှိမှုကိုကြည့်လျှင် ရန်ကုန်တိုင်းဒေသကြီးတွင် သုံးအိမ်လျှင် နှစ်အိမ်ထောင်နှုန်း၊ ရာခိုင်နှုန်းအားဖြင့် ၆၆ ရာခိုင်နှုန်းရရှိကြောင်း၊ ဒုတိယအများဆုံးမှာ (ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံရှိပြီး လူဦးရေနည်းပါးမှုကြောင့်) ကယားပြည်နယ်ဖြစ်ပြီး ၃၅ ရာခိုင်နှုန်းခန့်ရရှိကြောင်း တွေ့ရှိရသည်။ နေပြည်တော် ၃၄ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး ၃၃ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ် ၃၀ ရာခိုင်နှုန်းစသည်ဖြင့်ရရှိကြောင်း တွေ့ရှိရသည်။ ဧရာဝတီတိုင်းဒေသကြီးမှာ မြစ်ချောင်းများပေါများပြီး လူဦးရေပေါများမှုကြောင့် လျှပ်စစ်မီးရရှိမှုမှာ ၁၀ ရာခိုင်နှုန်းကျော်သာရှိပြီး ချင်းပြည်နယ်မှာ ဧရာဝတီတိုင်းဒေသကြီးထက်ပင် ပိုမို၍ ရရှိကြောင်း တွေ့ရှိရသည်။

အဓိကအကျပ်အတည်းသည် လျှပ်စစ်အများဆုံးသုံးစွဲသော ရန်ကုန်မြို့၏ အနီးတွင် လုံလောက်အောင် ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစက်ရုံမရှိခြင်းပင်ဖြစ်သည်။ လျှပ်စစ်ထုတ်လုပ်သည့်စက်ရုံများနှင့် ဝေးလံသောရန်ကုန်မြို့သို့ လျှပ်စစ်ဓာတ်အားဖြည့်တင်းရန် ဓာတ်အားလိုင်းရှည်လျားစွာဆွဲရသဖြင့် ဓာတ်အားလေလွင့်ဆုံးရှုံးမှုများနေသည်။ ဥပမာ ရန်ကုန်မြို့သို့ လျှပ်စစ်ဓာတ်အား ၁၀၀ မဂ္ဂါဝပ် ရရှိစေရန် ၁၂၅ မဂ္ဂါဝပ်ခန့် ပို့ပေးရမည့်အနေအထားဖြစ်နေသည်။ ယခုလက်ရှိ

## ထက်ခိုင်

ရန်ကုန်မြို့အနီးနားရှိ သဘာဝဓာတ်ငွေ့သုံးစက်ရုံများမှ အများဆုံးမဂ္ဂါဝပ် ၃၀၀ ခန့်သာ ထုတ်လုပ်ပေးနိုင်သည့်အတွက် သုံးစွဲမှု၏ထက်ဝက်ခန့်သာရှိနေသည်။ **(ယခုနောက်ဆုံးသိရှိရသော သတင်းများအရ တောင်ကိုရီးယားနိုင်ငံမှ Busan Korea Biotechnology BKB ကုမ္ပဏီမှ ရန်ကုန်မြို့နှင့် သီလဝါစက်မှုဇုန်အတွက် ၅၀၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်ရန် စတင်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် G.E ကုမ္ပဏီနှင့်ပူးပေါင်း၍ အလုံနှင့်လှော်ကားရှိ ဓာတ်ငွေ့သုံးတာဘိုင်သုံးလုံးအား အချိန်တိုအတွင်း စက်များအစုံလိုက်လဲလှယ်၍ မူလသုံးစွဲသည့် သဘာဝဓာတ်ငွေ့ပမာဏကိုပင် အသုံးပြုလျက် ၇၀ MW တိုးမြှင့်ထုတ်လုပ်ရေးကိုလည်း စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အခြားအစီအစဉ်ကိုလည်း သိရှိရသလောက် အောက်တွင်ဖော်ပြထားပါသည်။)**

**သို့ရာတွင် အဓိကစဉ်းစားရန်မှာ တိုးတက်လာမည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများ၏ လျှပ်စစ်လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်၍ ဖြေရှင်းနိုင်ရေး စွမ်းအင်မူဝါဒချမှတ်ရန်ဟု သုံးသပ်မိသည်။**

လူဦးရေလေးသန်းခွဲသာရှိသော စင်ကာပူ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၁၁၀၀၀ မဂ္ဂါဝပ်ရှိနေသည့်အတွက် လူဦးရေခြောက်သန်းရှိသော ရန်ကုန်မြို့သည် စီးပွားရေးတိုးတက်လာပြီး စက်မှုဖွံ့ဖြိုးလာခဲ့လျှင် လက်ရှိ ၆၀၀ မဂ္ဂါဝပ်မှ နှစ်ဆခန့် မြင့်တက်လာမည်ဖြစ်သည်။ သို့ဖြစ်၍ ရန်ကုန်၏အနီးပတ်ဝန်းကျင်တွင် လျှပ်စစ်ဓာတ်အား(အနည်းဆုံး) ၁၀၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သော ဓာတ်အားပေးစက်ရုံများ တည်ဆောက်ထားရှိရန် လိုအပ်မည်ဖြစ်သည်။

မန္တလေးမြို့၏အနီးနား၌ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်သော ရဲရွာရေအားလျှပ်စစ်စက်ရုံတည်ဆောက်ထားသဖြင့် လည်းကောင်း၊ ဆည်တော်ကြီး၊ ကင်းတားစသည့် စက်ရုံငယ်များတည်ရှိနေခြင်းကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းသို့ ပို့လွှတ်ရသည့် လျှပ်စစ်ဓာတ်အားမှာ မန္တလေးကိုဖြတ်သန်းသွားရသဖြင့်လည်းကောင်း၊ နောင်တွင်တိုးမြင့်လာမည့် သုံးစွဲမှုများအရလည်းကောင်း ထိုက်သင့်သည့် ဖူလုံမှုအခြေခံများရှိနေသည်ဟု ဆိုနိုင်သည်။

လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်မည့် စီမံကိန်းလျာထားချက်များကို လေ့လာကြည့်လျှင် ၂၀၁၂ ခုနှစ်မှ ၂၀၂၀ အထိ (ဘတ်ဂျက်ပုံမှန်ရရှိလျှင်) စီမံကိန်း ၁၁ ခုပြီးစီးမည်ဖြစ်သော်လည်း စက်တပ်ဆင်အား ၁၉၂၂ မဂ္ဂါဝပ်သာ တိုးတက်ရရှိလာမည်ဖြစ်သည်။ ပြည်သူလူထုမှ လျှပ်စစ်တိုးမြင့်သုံးစွဲလာနိုင်မည့် အခြေအနေများ၊ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများတိုးတက်မြင့်မားလာမည့် အလားအလာများနှင့် နှိုင်းယှဉ်ကြည့်လျှင် **လက်ရှိမြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု စီမံကိန်းလျာထားချက်များသည် လုံလောက်မှုမရှိနိုင်ဟု သုံးသပ်မိသည်။**

ဓာတ်အားပေးစက်ရုံများမှာ တောတောင်များထဲတွင် တည်ဆောက်ထားရှိပြီး မြန်မာနိုင်ငံမြောက်ပိုင်းမှတောင်ပိုင်းသို့ ဓာတ်အားလိုင်းသွယ်တန်းပို့လွှတ်နေရသည်။ ဓာတ်အားထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကို မန္တလေးတိုင်းဒေသကြီး(ရဲရွာ၊ ပေါင်းလောင်း၊ ဆည်တော်ကြီး၊ ကင်းတား)မှ ထုတ်လုပ်ပြီး ၂၀ ရာခိုင်နှုန်းကို ရှမ်းတောင်နှင့် ကယားပြည်နယ် (လောပိတ-၁၊ ၂၊ တီကျစ်၊ ကျိုင်းတောင်း၊ ဇော်ဂျီ ၁ နှင့် ၂)၊ ရန်ကုန်အနီးရှိ သဘာဝဓာတ်ငွေ့သုံးစက်ရုံများမှ ၂၀ ရာခိုင်နှုန်း(အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ)၊ ရှမ်းမြောက်မှ ၁၅ ရာခိုင်နှုန်း(ရွှေလီ ၁) ထုတ်လုပ်လျက်ရှိသည်ဟု သတင်းထုတ်ပြန်မှုများအရသိရသည်။ ရန်ကုန်တွင် သုံးစွဲသည့် လျှပ်စစ်ဓာတ်အားကို ရွှေလီမှစတင်သယ်ယူပြီး ရွှေလီ-မန်စံ-ရွှေစာရံ (မန္တလေးအနီး) မှ ဘဲလင်း-သပြေဝ(မိတ္ထီလာအနီး) အထိ၊ ၎င်းမှ သာစည်-ပျဉ်းမနား-တောင်ငူ-ကမာနတ်(ပဲခူးအနီး)၊ ၎င်းမှ ရန်ကုန်မြို့ပြင်ရှိ ဓာတ်အားခွဲရုံများသို့ ပို့ဆောင်ပေးရသည်။ ရဲရွာမှထုတ်လုပ်သော ဓာတ်အားမှာ ဘဲလင်းနှင့် သပြေဝတွင် လာရောက်ပေါင်းဆုံပြီး ပေါင်းလောင်းမှဓာတ်အားမှာ ပျဉ်းမနားတွင် လာရောက်ပေါင်းဆုံသည်။ လောပိတမှ ထုတ်လုပ်သောဓာတ်အားမှာ လောပိတ-တီကျစ်-ကလော-သာစည် ဓာတ်အားလိုင်းမှတစ်ဆင့် သာစည်တွင် လာရောက်ပေါင်းဆုံပြီး လောပိတ-တောင်ငူဓာတ်အားလိုင်းမှတစ်ဆင့် တောင်ငူတွင်လာရောက်ပေါင်းဆုံသည်။**(ရွှေလီ-မန်စံ ဓာတ်အားလိုင်းမှ တာဝါတိုင်မိုင်းခွဲခံရ၍ ဓာတ်အားပို့လွှတ်မရသောကြောင့် ရန်ကုန်မြို့သို့ ဓာတ်အားမရောက်နိုင်ခြင်းဖြစ်သည်ကို သတင်းထုတ်ပြန်ထားကြောင်း ဖတ်ရှုရသည်။)**

ရှည်လျားသောဓာတ်အားလိုင်းဖြင့်ပေးပို့ရာ၌ လျှပ်စစ်ဓာတ်အား လျော့နည်းပျောက်ဆုံးမှုများဖြစ်ပေါ်ရသည်။ လက်ရှိအခြေအနေတွင် အသုံးပြုနေသည့် အမျိုးသားဓာတ်အားကွန်ရက်တွင် ရှည်လျားပြီး အဆင့်မြှင့်တင်ရန်လိုအပ်သည့် ဓာတ်အားလိုင်းမှ ဖြန့်ဖြူးရခြင်းကြောင့် ပို့လွှတ်သောဓာတ်အား၏ ၂၅ ရာခိုင်နှုန်းခန့် ပျောက်ဆုံးနေသည့်ကိစ္စသည်လည်း အလေးထားကုစားရမည့်ကိစ္စဖြစ်ပေသည်။ လျှပ်စစ်ဓာတ်အားပျောက်ဆုံးရခြင်းသည် ဓာတ်အားသယ်ယူမှုနှင့် ဖြန့်ဖြူးမှုစနစ် (Transmission and Distribution System)၏ အားနည်းမှုကြောင့် ဖြစ်ပေါ်ရသည်။ ထိုကိစ္စကို နည်းပညာကျွမ်းကျင်သောလူနှင့် အဆင့်မီစက်ပစ္စည်းအသစ်များ အသုံးပြု၍ ဆောလျင်စွာပြင်ဆင်သင့်ပေသည်။ **လျော့နည်းပျောက်ဆုံးမှုနည်းနိုင်သမျှနည်းစေရန် နည်းလမ်းများရှာဖွေဆောင်ရွက်သင့်**သည်။

**ရေအားလျှပ်စစ်ကိုသာ အားကိုးခြင်းမပြုဘဲ Alternative Energy Production များ ရှာဖွေရေး**

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားမူဝါဒသည် **သဘာဝအရင်းအမြစ် ရေအားမှ လျှပ်စစ်ထုတ်လုပ်ရေးကိုသာ အဓိကထားဆောင်ရွက်ခဲ့ခြင်းကို ပြောင်းလဲရန် ကျွမ်းကျင်သူများဖြင့် ဖော်ထုတ်သုံးသပ်ခြင်းပြုသင့်သည်ဟု အကြံပြုလိုသည်။**

မြန်မာနိုင်ငံ၏ လက်ရှိဓာတ်အားထုတ်လုပ်မှုမှာ ကျောက်မီးသွေးမှ ၃ ဒသမ ၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၀ ဒသမ ၄ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၇၆ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု

များကို လေ့လာကြည့်လျှင်-
- တရုတ်နိုင်ငံတွင် ကျောက်မီးသွေ[…]
  မှ သုည ဒသမ ၉ရာခိုင်နှုန်း၊ ရေ[…]
- အိန္ဒိယနိုင်ငံတွင် ကျောက်မီး[…]
  သဘာဝဓာတ်ငွေ့မှ ၉ ဒသမ [...]
  ဒသမ ၇ ရာခိုင်နှုန်း၊
- အမေရိကန်ပြည်ထောင်စုတွင် [...]
  နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၀ ဒ[…]
  ၆ ဒသမ ၄ ရာခိုင်နှုန်း၊
- ဂျပန်နိုင်ငံတွင် ကျောက်မီးသွေး[…]
  ဓာတ်ငွေ့မှ ၂၆ ရာခိုင်နှုန်း၊ ရေ[…]

ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် လျှပ်စစ်[…]
ဒသမ ၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂[…]
ဒသမ ၂ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲကြောင်း [...]
ထိုနိုင်ငံကြီးများ၏ လျှပ်စစ်စွမ်းအင်မူဝါဒကို [...]

ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အ[…]
စွမ်းအင် Green Energy ဟူ၍ အများစုက [...]
ပမာဏကြီးမားသည်နှင့် သဘာဝပတ်ဝန်[…]
ဆည်တည်ဆောက်မှု ဧရိယာကြီးမားသည်နှ[…]
သက်ရောက်မှုကြီးမားလာခြင်း၊ ဇီဝမျိုးစိတ်[…]
ကြီးမားလာခြင်းစသည့် ဆိုးရွားသည့်အကျိုး[…]
အမှန်တကယ်သန့်စင်သောစွမ်းအင် ဟုတ်၊[…]
တွေ့လာရပေသည်။

တစ်ဖန် ရင်းနှီးမြှုပ်နှံမှုကြီးမားသော်လ[…]
သည့် နျူကလီးယားဓာတ်ပေါင်းဖိုတည်[…]
ချာနိုဘိုင်းဓာတ်ပေါင်းဖို ပေါက်ကွဲမှုနောက်ပိုင်[…]
ဂျပန်နိုင်ငံ ဖူကူရှီးမားဓာတ်ပေါင်းဖိုပေါက်ကွဲ[…]
ဂျပန်နိုင်ငံပင်လျှင် နျူကလီးယားဓာတ်ပေ[…]
ကြေညာခဲ့ရသည့် အနေအထားကို တွေ့မြင်ရ[…]
အားလုံးပိတ်သိမ်းရန် ကြေညာခဲ့သည်ကို သိ[…]
နည်းပညာနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုအနေအထာ[…]
ကြောင့် နျူကလီးယားဓာတ်အားပေးစက်ရုံတ[…]
ကိုလည်း သိရှိရသည်။

**ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် [...]**
**သဘာဝဓာတ်ငွေ့သုံးစွဲ၍လည်းကောင်း၊ [...]**
**လည်းကောင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်[…]**
**ဆောင်ရွက်သင့်ပြီဟု အကြံပြုလိုသည်။**

သဘာဝဓာတ်ငွေ့နှင့်စပ်လျဉ်း၍ လ[…]
အနှီးဖြင့် ထုတ်လုပ်ရခြင်းကြောင့် ချုပ်ဆိုထား[…]
ကန့်သတ်ချက်ကျော်လွန်မှသာ ပမာဏ[…]
ကုန်းတွင်းသဘာဝဓာတ်ငွေ့သိုက် ရှာဖွေထု[…]
သင့်ပေသည်။ ပြည်ပရောင်းချမှုလျှော့ချ၍ [...]
မလွဲမသွေ ဆောင်ရွက်သင့်သည်ဟု သုံးသပ်[…]

ထို့ပြင် ကျောက်မီးသွေးကိုအသုံးပြုသ[…]
လည်း လေ့လာသင့်ပေသည်။ နိုင်ငံတော်သမ[…]
ပြည်ထောင်စုလွှတ်တော်နာယက၏ ဂျပန်နိုင်[…]
Net ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမှုများကိုက[…]
ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ၏ [...]
တွေ့ရှိမိသည်။ J Power သည် ခေတ်မီအဆ[…]
သောနည်းပညာ အသုံးပြုထားသည်။ ဤသ[…]
ပေးစက်ရုံများ တည်ဆောက်ရေးအတွက် [...]
သုံးသပ်မိသည်။ ဂျပန်နိုင်ငံကဲ့သို့ သဘာဝပ[…]
များကို အထူးအလေးထားသောနိုင်ငံ၌ အ[…]
သက်ရောက်မှုများကိုဖယ်ရှား၍ ထိုစက်ရုံမျိုး[…]
အကြံနှင့်နည်းပညာကို မြန်မာနိုင်ငံ၏ မဟာ[…]
ပြောင်းလဲရေးမူဝါဒချမှတ်ရာတွင် ထည့်သွ[…]

ကျောက်မီးသွေးကုန်ကြမ်းများ သယ်[…]
လိုင်းများဖြင့် သယ်ယူပို့ဆောင်ခြင်း၊ Electr[…]
၍ ကျောက်မီးသွေးမီးခိုးငွေ့များတွင်ပါရှိသော[…]
၉၅ မှ ၉၉ ရာခိုင်နှုန်းအထိ အမှုန်ချ၍ဖယ်ရှ[…]
သော မီးခိုးငွေ့များတွင်ပါဝင်သည့် ဆာလဖ[…]
Gas Desulphurization System-FGD [...]
ထွက်ရှိလာသောအမှုန်များနှင့် ကျောက်မီးသွေ[…]
သွေးပြာမှုန်များအား ကွန်ကရစ်လုပ်ငန်းများတွ[…]
ဘိလပ်မြေထုတ်လုပ်သည့်လုပ်ငန်းများတွင် [...]
ကြောင့် နည်းပညာသုံး၍ အဘက်ဘက်မှအ[…]
လေ့လာတွေ့ရှိရသည်။ ထို့ပြင် စက်ရုံလည်ပတ်[…]
များကို အဆင့်မြင့်နည်းပညာသုံး Silencer [...]
ရေကိုပြန်လည်သန့်စင်၍ အသုံးပြုနိုင်သောစ[…]
အားဖြင့် ဘက်စုံထောင့်စုံမှ တွေ့ကြုံလာနိုင်[…]
အထိလျှော့ချနိုင်သည်ကို လေ့လာတွေ့ရှိ[…]
ကင်းအောင်ဆောင်ရွက်သည့်အပြင် စက်ရုံ[…]
အသွေးစစ်ဆေးခြင်းအား ပုံမှန်လုပ်ဆောင်ထ[…]
ပတ်ဝန်းကျင်ထိန်းသိမ်းမှုများ မြှင့်တင်ဆော[…]
သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခို[…]
J Power စက်ရုံ၏ အောင်မြင်မှုသည် [...]
ထွက်လာသောမီးခိုးများသည် သဘာဝပတ်ဝ[…]
သည့် အဖြူထည်သက်သက်သာဖြစ်သည်ကို[…]

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ေ[…]
ဆောင်ရွက်သွားနှင့်ပြီးဖြစ်သော နိုင်ငံများ၏[…]
ယူ၍ ဆိုးကျိုးအနည်းဆုံးနှင့်အထိရောက်ဆုံး[…]
စဉ်းစားသုံးသပ်ဆောင်ရွက်သွားသင့်ကြောင်း[…]

များကို လေ့လာကြည့်လျှင်-

- တရုတ်နိုင်ငံတွင် ကျောက်မီးသွေးမှ ၇၉ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ သုည ဒသမ ၉ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၁၆ ဒသမ ၉ ရာခိုင်နှုန်း၊
- အိန္ဒိယနိုင်ငံတွင် ကျောက်မီးသွေးမှ ၆၈ ဒသမ ၆ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၉ ဒသမ ၉ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၁၃ ဒသမ ၇ ရာခိုင်နှုန်း၊
- အမေရိကန်ပြည်ထောင်စုတွင် ကျောက်မီးသွေးမှ ၄၈ ဒသမ ၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၀ ဒသမ ၈ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၆ ဒသမ ၄ ရာခိုင်နှုန်း၊
- ဂျပန်နိုင်ငံတွင် ကျောက်မီးသွေးမှ ၂၆ ဒသမ ၆ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၆ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၇ ဒသမ ၆ ရာခိုင်နှုန်း။

ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် လျှပ်စစ်ဓာတ်အားကို ကျောက်မီးသွေးမှ ၄၀ ဒသမ ၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၁ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၁၆ ဒသမ ၂ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲကြောင်း တွေ့ရှိရသည်။ စက်မှုထွန်းကားသော ထိုနိုင်ငံကြီးများ၏ လျှပ်စစ်စွမ်းအင်မူဝါဒကို လေ့လာသင့်ပေသည်။

ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် သန့်စင်သည့်စွမ်းအင် Green Energy ဟူ၍ အများစုက သတ်မှတ်ထားသော်လည်း ထုတ်လုပ်မှုပမာဏကြီးမားသည်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကြီးမားလာခြင်း၊ ဆည်တည်ဆောက်မှု ဧရိယာကြီးမားသည်နှင့် ပြည်သူများ၏ လူမှုဘဝများအပေါ် သက်ရောက်မှုကြီးမားလာခြင်း၊ ဇီဝမျိုးစိတ်များနှင့်ဂေဟစနစ်ကို ထိခိုက်နိုင်မှုကြီးမားလာခြင်းစသည့် ဆိုးရွားသည့်အကျိုးဆက်များအရ ရေအားလျှပ်စစ်သည် အမှန်တကယ်သန့်စင်သောစွမ်းအင် ဟုတ်၊ မဟုတ် ငြင်းချက်ထုတ်လာသည်ကို တွေ့လာရပေသည်။

တစ်ဖန် ရင်းနှီးမြှုပ်နှံမှုကြီးမားသော်လည်း ရေရှည်ကုန်ကျစရိတ် သက်သာသည့် နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရေး စီမံကိန်းများသည်လည်း ချာနိုဘိုင်းဓာတ်ပေါင်းဖို ပေါက်ကွဲမှုနောက်ပိုင်း ဝေဖန်ဆန့်ကျင်မှုများဖြစ်ပေါ်ခဲ့ရာမှ ဂျပန်နိုင်ငံ ဖူကူရှီးမားဓာတ်ပေါင်းဖိုပေါက်ကွဲမှု၌ ဆန့်ကျင်မှုများ ပြင်းထန်လာခဲ့ပြီး ဂျပန်နိုင်ငံပင်လျှင် နျူကလီးယားဓာတ်ပေါင်းဖိုအားလုံးရပ်ဆိုင်းရန် ထုတ်ပြန်ကြေညာခဲ့ရသည့် အနေအထားကို တွေ့မြင်ရသည်။ ဂျာမနီနိုင်ငံတွင် ဓာတ်ပေါင်းဖိုအားလုံးပိတ်သိမ်းရန် ကြေညာခဲ့သည်ကို သိရှိကြရပေမည်။ လက်ရှိမြန်မာနိုင်ငံ၏ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုအနေအထားနှင့်နိုင်ငံရေးအရ သုံးသပ်သင့်သောကြောင့် နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရေးကို မစဉ်းစားကြောင်းကိုလည်း သိရှိရသည်။

**ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရေအရင်းအမြစ်အသုံးပြုခြင်းအစား သဘာဝဓာတ်ငွေ့သုံးစွဲ၍လည်းကောင်း၊ ကျောက်မီးသွေးလောင်စာသုံးစွဲ၍လည်းကောင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးမူဝါဒသို့ ပြင်ဆင်ဆောင်ရွက်သင့်ပြီဟု အကြံပြုလိုသည်။**

သဘာဝဓာတ်ငွေ့နှင့်စပ်လျဉ်း၍ လက်ရှိတွင် ပြည်ပကုမ္ပဏီများ၏ အရင်းအနှီးဖြင့် ထုတ်လုပ်ရခြင်းကြောင့် ချုပ်ဆိုထားသောစာချုပ်စာတမ်းများအရ နှစ်ကာလကန့်သတ်ချက်ကျော်လွန်မှသာ ပမာဏပိုမိုသုံးစွဲခွင့်ရရှိနိုင်မည်။ ထို့ကြောင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့သိုက် ရှာဖွေထုတ်လုပ်ခြင်းကို အလေးထားဆောင်ရွက်သင့်ပေသည်။ ပြည်ပရောင်းချမှုလျှော့ချ၍ ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းမှုကို မလွှဲမသွေ ဆောင်ရွက်သင့်သည်ဟု သုံးသပ်မိသည်။

ထို့ပြင် ကျောက်မီးသွေးကိုအသုံးပြုသည့် ဓာတ်အားထုတ်လုပ်ရေးစနစ်ကိုလည်း လေ့လာသင့်ပေသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂျပန်နိုင်ငံခရီးစဉ်၊ ပြည်ထောင်စုလွှတ်တော်နာယက၏ ဂျပန်နိုင်ငံခရီးစဉ်စသည့်သတင်းများနှင့် Sky Net ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမှုများကိုကြည့်ရှုမိရာ တိုကျိုမြို့အနီးရှိ J Power ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ၏ နည်းပညာမြင့်မားမှုများကို လေ့လာတွေ့ရှိမိသည်။ J Power သည် ခေတ်မီအဆင့်အတန်းမြင့်မားပြီး ယုံကြည်စိတ်ချရသောနည်းပညာ အသုံးပြုထားသည်။ ဤသည်ပင် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးအတွက် အောင်မြင်မှုသော့ချက်ဖြစ်နေသည်ဟု သုံးသပ်မိသည်။ ဂျပန်နိုင်ငံကဲ့သို့ သဘာဝပတ်ဝန်းကျင်နှင့်ပြည်သူများ၏ လူမှုဘဝများကို အထူးအလေးထားသောနိုင်ငံ၌ အဆင့်မြင့်နည်းပညာများဖြင့် ဆိုးကျိုးသက်ရောက်မှုများကိုဖယ်ရှား၍ ထိုစက်ရုံမျိုးတည်ဆောက်အသုံးပြုနေသည့် အတွေ့အကြုံနှင့်နည်းပညာကို မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် လျှပ်စစ်စွမ်းအင်ပြုပြင်ပြောင်းလဲရေးမူဝါဒချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသွားသင့်ပေသည်။

ကျောက်မီးသွေးကုန်ကြမ်းများ သယ်ဆောင်ရာတွင် အလုံပိတ်ကွန်ဗေးယာလိုင်းများဖြင့် သယ်ယူပို့ဆောင်ခြင်း၊ Electrostatic Precipitator-ESP အသုံးပြု၍ ကျောက်မီးသွေးမီးခိုးငွေ့များတွင်ပါရှိသော ဓာတ်ငွေ့ဆိုးများနှင့် ပြာမှုန်များကို ၉၅ မှ ၉၉ ရာခိုင်နှုန်းအထိ အမှုန်ချ၍ဖယ်ရှားသန့်စင်ခြင်း၊ ဆက်လက်ထွက်ရှိလာသော မီးခိုးငွေ့များတွင်ပါဝင်သည့် ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို Fuel Gas Desulphurization System-FGD ဖြင့် အမှုန်ချ၍ ထပ်မံသန့်စင်ခြင်း၊ ထွက်ရှိလာသောအမှုန်များနှင့် ကျောက်မီးသွေးကို မီးရှို့ရာမှကျန်ရှိသော ကျောက်မီးသွေးပြာမှုန်များအား ကွန်ကရစ်လုပ်ငန်းများတွင် အရောအနှောအဖြစ် အသုံးပြုခြင်း၊ ဘိလပ်မြေထုတ်လုပ်သည့်လုပ်ငန်းများတွင် ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ခြင်းတို့ကြောင့် နည်းပညာသုံး၍ အဘက်ဘက်မှအကျိုးရှိအောင် ဆောင်ရွက်နိုင်သည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် စက်ရုံလည်ပတ်မှုကြောင့် ဖြစ်ပေါ်လာသော ဆူညံသံများကို အဆင့်မြင့်နည်းပညာသုံး Silencer များဖြင့် ထိန်းချုပ်ခြင်း၊ စက်ရုံမှ စွန့်ပစ်ရေကိုပြန်လည်သန့်စင်၍ အသုံးပြုနိုင်သောစနစ်များ ထည့်သွင်းထားခြင်းစသည်တို့အားဖြင့် ဘက်စုံထောင့်စုံမှ တွေ့ကြုံလာနိုင်သောဆိုးကျိုးများကို အနိမ့်ဆုံးအဆင့်အထိလျှော့ချနိုင်သည်ကို လေ့လာတွေ့ရှိရသည်။ ထိုသို့ ဘက်စုံမှအန္တရာယ်ကင်းအောင်ဆောင်ရွက်သည့်အပြင် စက်ရုံဝန်းကျင်ဒေသတစ်ဝိုက် လေထုအရည်အသွေးစစ်ဆေးခြင်းအား ပုံမှန်လုပ်ဆောင်ထားရှိပြီး စဉ်ဆက်မပြတ်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများ မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ယခင်ကတွေ့ကြုံခဲ့ရသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်နစ်နာမှုဆိုးကျိုးများကို ရှောင်လွှဲ၍ J Power စက်ရုံ၏ အောင်မြင်မှုသည် အတုယူဖွယ်ရာဖြစ်သည်။ ထိုစက်ရုံမှ ထွက်လာသောမီးခိုးများသည် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုလုံးဝမရှိတော့သည့် အဖြူထည်သက်သက်သာဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းရာတွင် မိမိတို့ရှေ့မှ ဆောင်ရွက်သွားနှင့်ပြီးဖြစ်သော နိုင်ငံများ၏အကောင်း၊ အဆိုးများကို သင်ခန်းစာယူ၍ ဆိုးကျိုးအနည်းဆုံးနှင့်အထိရောက်ဆုံးဖြစ်စေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်ဆောင်ရွက်သွားသင့်ကြောင်း တွေ့ရှိရသည်။ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ ထူထောင်တည်ဆောက်ရာတွင်လည်း နည်းပညာအဆင့်အတန်းနိမ့်ကျပြီး မူရင်းနိုင်ငံများတွင်လည်ပတ်အသုံးပြုပြီး စက်ရုံများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုကြောင့် မူရင်းနိုင်ငံများတွင် တည်ဆောက်ရန် အခွင့်မသာသည့်စက်ရုံများစသည်ကဲ့သို့သော အမျိုးအစားများကိုမူ မြန်မာနိုင်ငံ၌လက်ခံတည်ဆောက်ခွင့်မပြုဘဲ ဂျပန်နိုင်ငံမှ J Power ကျောက်မီးသွေးသုံးစက်ရုံများကဲ့သို့သော အဆင့်မြင့်နည်းပညာသုံး စက်ရုံများကိုသာ အလေးထားစဉ်းစားဆောင်ရွက်သင့်ကြောင်းတွေ့ရှိရသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အချိန်တိုတိုအတွင်း အရှိန်အဟုန်ဖြင့် တစ်ဟုန်ထိုးတိုးတက်လာမည်ဖြစ်၍ **အမျိုးသားစွမ်းအင်လုံခြုံရေး မဟာဗျူဟာတွင်အဆင့်မြင့်နည်းပညာသုံး ကျောက်မီးသွေးဓာတ်အားပေး စက်ရုံများကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်**ကြောင်း အကြံပြုလိုသည်။

မြန်မာနိုင်ငံသို့ မကြာသေးခင်က လာရောက်သွားသော ကမ္ဘာ့ကျော်ဘောဂဗေဒပညာရှင် ပေါလ်ကော်လီယာ၏ ရှင်းလင်းချက်များတွင် အာဖရိကနိုင်ငံများ၌ ခုန်ပျံကျော်လွှားရေးစီမံကိန်းများဆောင်ရွက်ခဲ့ရာ၌ မြို့ကြီးများ၌ အသေးစားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အရေအတွက်များများ တည်ဆောက်ခြင်းဖြင့် အချိန်တိုတိုအတွင်း တည်ဆောက်နိုင်ခြင်း၊ သက်ဆိုင်ရာမြို့ကြီးများ၏ သုံးစွဲမှုကို လုံလောက်စွာဖြည့်ဆည်းနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာအသုံးပြုမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုးကျိုးများ အနည်းဆုံးအထိ လျှော့ချနိုင်ခြင်း၊ ဗဟိုအစိုးရများအတွက် ဝန်ထုပ်ဝန်ပိုးများ လျော့နည်းကျဆင်းစေခြင်း၊ ကုန်ကျစရိတ်သက်သာသဖြင့် ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်ခြင်းစသည့် အကျိုးဆက်များရရှိခဲ့ကြောင်း၊ သဘာဝဓာတ်ငွေ့ထွက်ရှိခြင်းမရှိသဖြင့် ပြည်ပမှဝယ်ယူတင်သွင်းနေရသည့် နိုင်ငံများတွင် ဆောင်ရွက်၍အောင်မြင်နေသော ယင်းနည်းလမ်းကို သဘာဝဓာတ်ငွေ့ထွက်ရှိသည့် မြန်မာနိုင်ငံအနေဖြင့် နမူနာယူဆောင်ရွက်သင့်ကြောင်း ပြောကြားသွားခဲ့သည်။ **ဤနည်းလမ်းကိုလည်း မြန်မာနိုင်ငံ၏ အမျိုးသားစွမ်းအင်လုံခြုံရေး မဟာဗျူဟာတွင် အဓိကအချက်တစ်ချက်အနေဖြင့် ထည့်သွင်းစဉ်းစားသင့်ကြောင်း တွေ့ရှိရသည်။**

**အမျိုးသားစွမ်းအင်စီမံရေးကော်မတီ** Energy Management Committee **တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရေး**

လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်ဓာတ်အားရရှိရေး ဆန္ဒထုတ်ဖော်တောင်းဆိုချက်များအရ နိုင်ငံတော်အစိုးရဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသော နည်းလမ်းများကို လေ့လာကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရှိရသည်-

(၁) **လတ်တလောအဆင်ပြေချောမွေ့ရေး။** မိုင်းခွဲခံရ၍ ပျက်စီးသွားသော ဓာတ်အားပေးတာဝါတိုင်များကို ပြန်လည်ပြင်ဆင်ခြင်း၊ ထိုသို့ ပြင်ဆင်နေချိန်တွင် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရန် မီးစက်များ ဖြန့်ကြက်ချထား၍ ဆောင်ရွက်ခြင်း၊ ရေတိုကာလအတွင်း ဖြေရှင်းနိုင်ရေးအတွက် အမေရိကန်နိုင်ငံမှ General Electric ကုမ္ပဏီ၊ Caterpillar ကုမ္ပဏီတို့နှင့်ပူးပေါင်း၍ ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း၊ တူရကီနိုင်ငံမှ ဓာတ်အားပေးစက်တင်သင်္ဘော တစ်စင်းမှာယူနိုင်ရန် ညှိနှိုင်းထားခြင်းစသည်တို့ကို တွေ့ရှိရသည်။

(၂) **ရေရှည်တိုးတက်စေရေး။** တောင်ကိုရီးယားနိုင်ငံမှ Busan Korea Biotechnology BKB ကုမ္ပဏီမှ ရန်ကုန်မြို့နှင့် သီလဝါစက်မှုဇုန်အတွက် မဂ္ဂါဝပ် ၅၀၀ ထုတ်လုပ်ပေးနိုင်သော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ခြင်း၊ ဂျပန်နိုင်ငံမှ J Power ကုမ္ပဏီနှင့်ပူးပေါင်း၍ ရန်ကုန်မြို့အနီးနားတွင် မဂ္ဂါဝပ် ၆၀၀ မှ ၁၂၀၀ အထိ ထုတ်လုပ်ပေးနိုင်သော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်ခြင်း၊ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများအနက်မှ ချီဖွေငယ်စီမံကိန်း ၉၉ မဂ္ဂါဝပ်၊ ဖြူးစီမံကိန်း ၄၀ မဂ္ဂါဝပ်၊ သောက်ရေခပ်(၂) စီမံကိန်း ၁၂၀ မဂ္ဂါဝပ်၊ ဘီလူးချောင်း(၃)စီမံကိန်း ၅၂ မဂ္ဂါဝပ်၊ နန့်ချိုစီမံကိန်း ၄၀ မဂ္ဂါဝပ်၊ အထက်ဘီလူးချောင်းစီမံကိန်း ၂၉ မဂ္ဂါဝပ်၊ အထက်ပေါင်းလောင်းစီမံကိန်း ၁၄၀ မဂ္ဂါဝပ်တို့မှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ပြီးစီးနိုင်မည်ဖြစ်၍ မဂ္ဂါဝပ်မှာ ၅၀၂ ထပ်တိုးရရှိလာနိုင်ခြင်း (သို့သော် ဘတ်ဂျက်အခြေအနေပေးမှသာ ၂၀၁၅ ခုနှစ်၌ ပြီးစီးကြမည်ဖြစ်သည်) ဟူ၍ တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ တစ်နှစ်၊ နှစ်နှစ်အတွင်း တိုးတက်လိုအပ်လာမည့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အထက်ဖော်ပြပါစီမံကိန်းများနှင့် လုံလောက်ပြီလားဟူသောမေးခွန်းကို ဦးစွာဖြေရှင်းရမည်ဖြစ်သည်။ ရေအားလျှပ်စစ်စီမံကိန်းများ၏ တည်ဆောက်ရေးကာလမှာ အချိန်ယူဆောင်ရွက်ရသည့် သဘောရှိသဖြင့်အထက်တွင် ဆွေးနွေးခဲ့ပြီးဖြစ်သည့်အတိုင်း လမ်းရိုးလမ်းဟောင်းအတိုင်း (စီမံကိန်းအဟောင်းများအတိုင်း) ဆောင်ရွက်နေခြင်းဖြင့် မြင့်တက်လာသောသုံးစွဲမှုများကို ဖြေရှင်းနိုင်စွမ်းမရှိသည်ကို ဂရုပြုရမည့်ကာလရောက်ပြီဟု မျှဝေလိုသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ အမျိုးသားလျှပ်စစ်စွမ်းအင် လုံခြုံရေးမဟာဗျူဟာ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် အလေးထားစဉ်းစားသင့်သည့် အချက်များကို အကြံပြုလိုက်ပါသည်-

(၁) **ရေတိုကာလအတွင်း ဖြေရှင်းရန်အချက်များ**

- လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရန်အတွက် ဓာတ်အားသယ်ယူဖြန့်ဖြူးမှုစနစ် Transmission and Distribution System ကို အဆင့်မြှင့်တင်၍ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊
- ဓာတ်အားလျော့နည်းပျောက်ဆုံးမှု အနည်းဆုံးဖြစ်စေရေး အလျင်အမြန်ဆောင်ရွက်ရန်(လက်ရှိအခြေအနေတွင် ပျမ်းမျှ ၂၅ ရာခိုင်နှုန်းခန့် ပျောက်ဆုံးနေသည်)၊
- ဓာတ်အားထုတ်လုပ်မှုအပေါ် သယ်ယူဖြန့်ဖြူးသုံးစွဲမှုများနှင့် စပ်လျဉ်းသောစီမံခန့်ခွဲမှု Electric Energy Management Plan ကို သေချာတတ်ကျွမ်းနားလည်သော စီမံခန့်ခွဲမှုဖြစ်အောင်ဆောင်ရွက်ရန်၊
- ယင်းအချက်များ ဆောင်ရွက်နိုင်ရေးအတွက် ကျွမ်းကျင်မှု၊ နည်းပညာနှင့် ငွေကြေးရန်ပုံငွေလုံလောက်စွာ ဖြည့်တင်းပေးရန်၊
- လက်ရှိတည်ဆောက်ထားပြီးဖြစ်သော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ စွမ်းအားပြည့်မောင်းနှင်လည်ပတ်နိုင်ရန်အတွက် လိုအပ်သောသဘာဝဓာတ်ငွေ့ကိုအပြည့်အဝ ဖြည့်တင်းပေးရန် (စွမ်းအင်ဝန်ကြီးဌာနမှလိုအပ်လျှင် ပြည်ပနိုင်ငံများနှင့် ပြန်လည်ညှိနှိုင်းရမည်ဖြစ်သည်)၊
- ရရှိသောသတင်းအချက်အလက်များအရ လက်ရှိခွဲတမ်းရရှိနေသော သဘာဝဓာတ်ငွေ့မှာ တစ်ရက်လျှင် ကုဗပေ ၁၆၈ သန်း ဖြစ်ရာ ထိုဓာတ်ငွေ့ပမာဏနှင့်ပင် အဆင့်မီ Gas Turbine များ အသုံးပြု၍ ဓာတ်အားထုတ်လုပ်ပါက မဂ္ဂါဝပ် ၆၅၀ ခန့် ထုတ်လုပ်နိုင်သဖြင့် (လက်ရှိ စက်ရုံများအခြေအနေအရ မဂ္ဂါဝပ် ၃၅၀ ခန့်သာ ထုတ်လုပ်နိုင်ကြောင်းသိရသည်။) အချိန်တိုတိုအတွင်း ဓာတ်အားတိုးတက်ရရှိရန်အတွက် သဘာဝဓာတ်ငွေ့သုံးစက်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ လက်ရှိစက်ရုံများကို အရည်အသွေးမြှင့်တင်ခြင်း ဆောင်ရွက်ရန်။

(၂) **ရေရှည်ကာလအတွက် ဆောင်ရွက်သင့်သည့်အချက်များ**

- ရေအားလျှပ်စစ်ကို အခြေခံလျှပ်စစ်ဓာတ်အား Base Load အဖြစ်ထားရှိဆောင်ရွက်သော မဟာဗျူဟာမှ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားတို့ကို Base Load အဖြစ်ထားရှိသော မဟာဗျူဟာသို့ ပြောင်းလဲဆောင်ရွက်ရန်၊
အမှတ်(၁၂)၊ နတ်မောက်လမ်းသွယ် (၆)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ် ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၂ အိုင်၊ မြေကွက်အမှတ် ၄၄၉ဘီ/၄၃၈ ၁ မြေအမျိုးအစား-မြေပိုင်မြေ၊ ဧရိယာ (၀. ၁၀၁) ဧကရှိ မြေကွက်အား မိခင် ဒေါ်မြသင်မှ သားဖြစ်သူ ဦးအောင်ချမ်းနှင့် သမီးဖြစ်သူ ဒေါ်ခင်ညွန့်ရီ (ခ) ဒေါ်တိုးတို့အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကတိသစ္စာပြုလွှာ အမှတ် ၄/၅၂၃၂ ဖြင့် ၂-၁၀-၉၇ရက်တွင် အပြီးအပိုင် ပေးပြီးဖြစ်ပါသည်။ ၎င်းအပြင် ယင်းမြေကွက်နှင့် ပတ်သက်၍ ကိစ္စအရပ်ရပ်ဆောင်ရွက်နိုင်ရန်အတွက် မှတ်ပုံတင်အထူးကိုယ်စားလှယ်စာအမှတ် ၁၈၆၄၈/၉၇ ဖြင့် လည်း လွှဲအပ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာန၌ ဦးအောင်ချမ်းနှင့် ဒေါ်ခင်ညွန့်ရီ (ခ) ဒေါ်တိုးတို့မှ အမည်ပေါက်ရရှိခဲ့ပြီးဖြစ်ပါသည်။

အဘွား ဒေါ်မြသင်မှ လူကြီးမင်းတို့အား နောက်နောင် အမွေကိစ္စ ရှုပ်ထွေးမှုများမဖြစ်ပေါ်စေရန် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၇) ရပ်ကွက်၊ ပုဇွန်တောင် (ဉယျာဉ်) (လိပ်ကန်) စုပေါင်း အဆောက်အအုံအမှတ်-အေ၊ အခန်းအမှတ်-၅၀၁၊ ပဥ္စမထပ် တိုက်ခန်းအား အမွေပုံအဖြစ် ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ ယခုကြော်ငြာချက်ပါ မြေကွက်နှင့် လူကြီးမင်းတို့ သက်ဆိုင်မှု လုံးဝမရှိကြောင်း ကြေညာအပ်ပါသည်။ လူကြီးမင်းတို့၏ ကြေညာချက်အရ ကျွန်ုပ်မိတ်ဆွေများအနေဖြင့် ဂုဏ်သိက္ခာကျဆင်းခြင်းကြောင့် လူကြီးမင်းတို့၏ ကြေညာချက်ကို ပြန်လည် ရုပ်သိမ်းစေလိုပါသည်။ ပြန်လည်မရုပ်သိမ်းပါက တရားဥပဒေအရ ဖြေရှင်းသွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခွန်ဝင်းလှိုင်(B.Sc, B.L) (တရားလွှတ်တော်ရှေ့နေကြီး)**
**အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၃၈၉၉၇၁၊ ၀၉ ၄၃၀၈၄၅၁၀**

## ဝမ်းနည်းကြေကွဲခြင်း

ဦးတင်လတ် (MD, Sein Diamond Paint Co.,Ltd.)၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်အေးကြည် (၈၆)နှစ်သည် ၂၈-၅-၂၀၁၂ရက် နံနက် ၉း၂၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ဦးမောင်မောင်ချို(စိန်ဒိုင်းမွန်း)မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

ဦးတင်လတ် (MD, Sein Diamond Paint Co.,Ltd.) ၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်အေးကြည် (၈၆)နှစ်သည် ၂၈-၅-၂၀၁၂ရက် နံနက် ၉း၂၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ**
**တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ပါရ်ဝစီးယမ္မားလ်(ခ)ဒေါ်အေးကြည်

**အသက်(၈၆)နှစ်**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးတင်လတ်(စိန်ဒိုင်းမွန်းသဘော်ဆေး)၏ မွေးသမိခင်သည် ၂၈-၅-၂၀၁၂ရက် နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**ဦးမောင်ရွှေ(ဥက္ကဋ္ဌ)နှင့် အမှုဆောင်များ**
**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား/သူဟောင်းများ လူမှုရေးကူညီထောက်ပံ့မှုအသင်း နာယကဆရာမကြီး ဒေါ်တင်စိုး၏ မိခင်ကြီး ဒေါ်စွမ်တီ(ခ) ဒေါ်မြသီသည် ၃၀-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသား/သူဟောင်းများ**
**လူမှုရေးကူညီထောက်ပံ့မှုအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးခင်အောင်(မန္တလေး)

**အသက်(၇၂)နှစ်**

မဖ္ဖိမအလင်း မျက်စိအထူးကုဆေးရုံကြီး၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်ပိုင်ဦး-ဒေါ်ခင်စန္ဒာတို့၏ ဖခင် ဦးခင်အောင်သည် ၂၃-၅-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မဖ္ဖိမအလင်းမျက်စိအထူးကုဆေးရုံကြီးအုပ်ချုပ်ရေးဗဟိုအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးကိုမြင့် (၆၈)နှစ်

**တွဲဖက်အတွင်းရေးမှူး(လက်ပံတန်းမြို့နယ်အသင်း) (ရန်ကုန်)**

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)မှ တွဲဖက်အတွင်းရေးမှူး ဦးကိုမြင့် (၆၈)နှစ်သည် ၂၇-၅-၂၀၁၂ ရက် ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)**
**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

[illegible]

## ဦးတင်ညွန့် (၆၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၆)၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်နေ ဦးသန်း-(ဒေါ်ကြည်)တို့၏သား၊ ဒေါ်နုနုဝေ၏ခင်ပွန်း၊ ဦးဘုန်းသက်နိုင်-ဒေါ်ငွေငွေရီ၊ဦးမြင့်သူ-ဒေါ်ခိုင်ငြိမ်းချမ်း၊ ဒေါ်ဆွေဇင်ဝင့်နွယ်တို့၏ ဖခင်၊ မောင်စစ်ပိုင်မှူး၊ မဖူးဖူးစံတို့၏အဘိုးသည် ၃၁-၅-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၆နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မဆုစန္ဒီအောင် (၁၆)နှစ်

**အထက(၂)လသာ**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊(၇)လမ်း၊အမှတ်(၇၆)၊ တတိယထပ်နှင့် ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ (၁၂၄)၊ မြေညီထပ်၊ (၁၈)လမ်းနေ (ဦးမျိုးအောင်)-ဒေါ်ရှုရင်(ခ) ဒေါ်စန်းရီတို့၏ သမီး၊ ဒေါက်တာသန်းထွန်းဦး(သွားဆရာဝန်)၊ မောင်အောင်မင်းလွင်တို့၏ညီမ မဆုစန္ဒီအောင်သည် ၃၀-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါ ၁၈-လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အမည်ပြောင်း

ဦးမြင့်စိုး၏သား အထက-၆၊ အလုံ၊ သတ္တမတန်း(ဂ)တွင် ပညာသင်ကြားလျက်ရှိသော မောင်အောင်ကောင်းစံအား မောင်အောင်မြတ်သူဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်မြတ်သူ**

## ကျေးဇူးဆပ်ပါမည်

ဦးမြင့်အောင် ပဲ့နင်းမှူးလက်မှတ်သင်တန်းအပတ်စဉ် ၅/၂၀၀၅ တက်ရောက် လက်မှတ်နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

## ကျေးဇူးဆပ်ပါမည်

ကျွန်မ မနော်မီ Passport နံပါတ် M-579901 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၅၂၂၂၈၆**

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလက(၂)၊ မြို့မကျောင်းနေ(ဘ)ဦးလှထွန်းဝေ[၁၁/ကဖန(နိုင်)၀၀၇၄၈၄]၏ သမီး မဆုလာဒ်နွယ်နီအား မဆုလတ်နွယ်နီဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံး

ကျွန်တော် အမစ်ချန်[၇/ဖမန(နိုင်)၁၉၁၀၁၅]၏ Passport A/434745 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၁၃၂၃၇၈**

## တိုက်ခန်းငှားမည်

**(နေရာအထူးကောင်း)**

ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင် (၃/၄)လွှာ ရေ+မီး+ပါကေး+ကြွေပြား+2AC

**Ph: 09-5032761,**
**09-5504058,**
**01-200956**
**(ရုံးချိန်)**

## စာအုပ်စာပေလှူမိတ်ဆွေ

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ပေါက်ချောင်းကွက်သစ်နေ ဦးကျော်မြ၊ ဒေါ်သောင်းတင်တို့၏သား မောင်သိန်းကျော်နိုင်[၉/မထလ(နိုင်)၂၃၈၉၇၉]သည် မိဘဆိုဆုံးမသည်ကို နားမထောင်ဘဲ ဂုဏ်သိက္ခာကျရန်အမျိုးမျိုးပြုလုပ်နေ၍ ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် သိန်းကျော်နိုင်နှင့် ပတ်သက်သောကိစ္စများလုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးကျော်မြ၊ ဒေါ်သောင်းတင်**
**မိတ္ထီလာ**

## (၂)နှစ်(၈)လပြည့်အလွမ်း

### ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ)Ph.D.,D.Lit

**ကဗျာစာဆိုသရဖူဘွဲ့ရ(ဂျပန်ပြည်)**
**One Thousand Great Asians Envland**
**ဒုတိယဝန်ကြီး(ငြိမ်း)ယဉ်ကျေးမှုဝန်ကြီးဌာန**

၂-၁၀-၂၀၀၉ရက်တွင် ကွယ်လွန်ခဲ့သော အလှူ့ဒါယကာကြီး ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ)အားရည်မှန်း၍ လစဉ်(၂)ရက်နေ့တိုင်း အိမ်တွင် နေ့ဆွမ်းများဆက်ကပ်ခြင်း၊ ဆွမ်းအုပ်များပို့ခြင်း၊ လစဉ် ရေတွင်းကုန်း ကျောင်းဆောက်ရာတွင် အလှူငွေထည့်ဝင်ခြင်းများကို မိသားစုမှ ရေစက်သွန်းလောင်း အမျှပေးဝေပါသည်။

ကွယ်လွန်သူအား ရည်စူး၍ လစဉ်ပြုလုပ်ပေးနေသော ကောင်းမှုကုသိုလ်အစုစုတို့ကို ရောက်ရာဘုံဘဝမှ အေးအေးချမ်းချမ်း၊ ကျန်းကျန်းမာမာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။ ရောက်ရာဘုံဘဝမှ ခင်ပွန်းသည် ကြားသိပါစေ၊ သာဓုခေါ်ဆိုနိုင်ပါစေ။

မောင်ရေ အမျှ အမျှ အမျှ

**ချစ်ဇနီး - ဒေါ်လှယဉ်ယဉ်စိုး**
**သမီး - နီလာစိုးညွန့်**

## (၃)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှဝေခြင်း

### ဦးမျိုးသန့်

**(စာရေးဆရာကြီး မောင်ဆုရှင်)**

**(၂-၆-၂၀၀၉ မှ ၂-၆-၂၀၁၂)**

ကျေးဇူးရှင် ဖခင်ကြီး ဦးမျိုးသန့် (စာရေးဆရာကြီးမောင်ဆုရှင်) မိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ ၂-၆-၂၀၁၂ ရက်တွင် (၃)နှစ်ပြည့်မြောက်ပြီဖြစ်သော်လည်း တစ်နေ့မှ မေ့မရခဲ့ပါ။ ဖခင်ကြီးအား ရည်စူး၍ မဟာကျိန်သစ္စာရှင်ဘုရားကြီးတွင် ငွေဆယ့်တစ်သိန်းနှစ်သောင်း၊ ဥတ္တရာရာမကျောင်းတွင် လစဉ် ဆွမ်းနှင့် ငွေတစ်သောင်းစီ၊ မြကျွန်းသာကျောင်းတွင် ဆွမ်းနှင့် သင်္ကန်းပရိက္ခရာများ လှူဒါန်းပါသည်။ နေ့စဉ်၊ လစဉ် ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုအတွက် အမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ဇနီး-ဒေါ်စန်းရီနှင့် သားသမီးမြေးတစ်စု**

## ဝမ်းနည်းကြေကွဲခြင်း

ဦးတင်လတ်(MD, Sein Diamond Paint Co.,Ltd.)၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်အေးကြည် (၈၆)နှစ်သည် ၂၈-၅-၂၀၁၂ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၄) DBL မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ဦးတင်လတ်(MD, Sein Diamond Paint Co.,Ltd.)၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်အေးကြည် (၈၆)နှစ်သည် ၂၈-၅-၂၀၁၂ရက် နံနက် ၉း၂၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**BDS(7/2002-2005) မှ**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မေကြည် (၈၂)နှစ်

B.A Ed. B.Ed.

သူငယ်ချင်းအရင်ဆုံး လက်တွဲဖြုတ်သွားတဲ့အတွက်ကြောင့် ကိုဆန်းလေးနဲ့ အတူ အထူးဝမ်းနည်း၍ မဆုံး ဖြစ်ရပါတယ်သူငယ်ချင်းရယ်။

**ဒေါ်လှစိန်(ပျဉ်းမနား)**
**ရန်ကုန်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပုသိမ်မြို့နယ်တရားရုံးတော်၌**
**၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀**

ဦးတင်လှ နှင့် ၁။ မောင်ဌေး၊ ၂။ ဦးမောင်ကျော်၊ ၃။ ဦးကျော်ဝင်း

**တရားလို** **တရားပြိုင်များ**

ပုသိမ်မြို့နယ်၊ ရှောပြာကျေးရွာအုပ်စု၊ ဝါးဘိုးကျေးရွာနေ (၁)တရားပြိုင် မောင်ဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်လှက ငွေကျပ်-၅၉၀၀၀၀/ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေပါ၍ဖြစ်စေ ၂၀၁၂ခုနှစ်၊ ဇူလိုင်လ ၂ရက် (ပထမဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရ မည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၇)ရက်က တင်သွင်းရမည်။

၂၀၁၂ ခုနှစ်၊ မေလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**သောင်းနု**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပုသိမ်မြို့နယ်တရားရုံး**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**မုဋ္ဌောအုပ်စုသံဃနာယက ဥက္ကဋ္ဌ**
**ဆရာတော်ဘဒ္ဒန္တကုဏ္ဍာစာရ**
**သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာနယ်မြေ၊ မုဋ္ဌောအုပ်စု၊ လယ်ပြင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ အုပ်စုသံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တကုဏ္ဍာစာရမဟာထေရ်သည် ၂၂-၅-၂၀၁၂ ရက်(အင်္ဂါနေ့)နံနက် ၁၁း၄၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၇-၆-၂၀၁၂ရက်(ကြာသပတေးနေ့)ညနေတွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးနေ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား သိစေအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

## (၈)လပြည့်လွမ်းဆွတ်သတိရခြင်း

### ဒေါ်ခင်မေသိန်း (မိဇင်)

**အသက်(၆၂)နှစ်**

**(၂-၁၀-၂၀၁၁)မှ (၂-၆-၂၀၁၂)**

မေမေ သားတို့နဲ့ အိပ်မက်ပမာ ခွဲခွာခဲ့တာ (၈)လပြည့်ပါပြီ။ မေမေ့ရဲ့ မေတ္တာ၊ ကရုဏာ၊ သည်းခံခွင့်လွှတ်မှုများနဲ့ ပြုစုယုယခဲ့တဲ့ အကြင်နာပုံရိပ်တွေဟာ သားတို့အပေါ် လွှမ်းမိုးထားဆဲပါ၊

သားတို့ နေ့စဉ် ပြုသမျှ လစဉ် ပြုသမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အဖို့ကို မေမေ့ကို အမျှပေးဝေပါတယ်။ မေမေရောက်ရှိရာ မြင့်မြတ်တဲ့ဘုံဘဝက သာဓုခေါ်နိုင်ပါစေ။

| | | |
|---|---|---|
| **ဖေဖေ** | - | **ဦးချစ်ဆွေ** |
| **သားကြီး** | - | **သက်ချစ်ဆွေ၊ မခင်ခင်မိုး** |
| **မြေး** | - | **ကောင်းဇေယျာမိုး၊ ကောင်းခန့်ချမ်းငြိမ်း** |
| **သားလတ်** | - | **နိုင်နိုင်၊ မဝါဝါလွင်** |
| **သားငယ်** | - | **ရဲချစ်ဆွေ၊ နန်းခမ်းလောင်ဝ်လျှမ်း၊** |
| **မြေး** | - | **ဝေလျှံပြည့်ဆွေ၊ ရာရာပြည့်ဆွေ (လန်ဒန်)** |
| **သမီး** | - | **အေမီချစ်ဆွေ(လန်ဒန်)** |

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

### ဦးအေးမောင် အသက်(၉၀)

**(ရွှေတောင်မြို့)**

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ညောင်ဝိုင်းရပ်နေ (ဦးကျော်ဒွန်း-ဒေါ်ကျော့မြိုင်)တို့၏သား၊ ရွှေတောင်မြို့၊ အမှတ်(၅၃)၊ ကြာနီကန်လမ်းနေ ဒေါ်အေးသိန်း၏ခင်ပွန်း၊ ဦးတေဇနိ၏ခမည်းတော်၊ (Captain ကျော်ဌေးဦး)-ဒေါ်မိမိခိုင်၊ ဒေါ်ငွေငွေဝင်း(ဌာနခွဲမှူး၊ ဘဏ္ဍာရေးဌာန၊ အမှတ်-၁ အထည်စက်ရုံ၊ ရွှေတောင်မြို့)၊ ဒေါ်ဆွေဆွေဝင်း(ဒု-ဦးစီး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကွမ်းခြံကုန်း)၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးတင်မောင်ဆွေ-ဒေါ်နီနီအေး(အောင်လံတော်မုန့်မျိုးစုံဆိုင်)၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာနေ ဦးဇော်မင်းအေး-ဒေါ်လဲ့လဲ့မူ၊ ဦးကျော်ကျော်နိုင်(တောအုပ်၊ သစ်တောဦးစီးဌာန၊ မြောင်းမြ)-ဒေါ်အေးအေးစိုး၊ ဒေါက်တာဖြိုးနေကျော်(Business Head, Mega Lifesciences Ltd.)-ဒေါ်မေသူရတို့၏မွေးသဖခင်၊ မောင်ကျော်ထက်၊ မမေဦး၊ မမေထက်၊ မောင်အာကာချမ်းမြေ့ [Grade-9(A)]၊ မစိုးရတနာ[Grade-8 (C)]၊ မောင်မင်းတေဇမောင်[Grade-1 (D)]၊ (အထက-၂ကမာရွတ်)၊ မနှင်းအိရွှေရည်(Grade-7)၊ မလှရူပါအောင် (Grade-2)၊ (အထက-၁၊ ဒဂုံဆိပ်ကမ်း)၊ မအေးသူရဖြိုး(Grade-6 (F)၊ မောင်ဟိန်းထက်သူရဖြိုး[Grade-4 (L) TTC]တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၈-၅-၂၀၁၂ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၂ ရက် မွန်းလွဲ ၂နာရီတွင် ရွှေတောင်မြို့ကြိုးကြာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## လွမ်းလွန်းလို့

၁၀-၂-၂၀၁၂ရက်တွင် ကွယ်လွန်သွားသော သားကြီး တင်မောင်မောင်နိုင်(Chief Officer C.N.C Shipping Co.,)နှင့် ၂၈-၅-၁၉၉၉ ရက်တွင် ကွယ်လွန်သွားသော သားလေး ဗိုလ်ကြီးတင်မော်နိုင် (တေဇ-၁၆)တို့အား ရည်စူး၍ ပြုပြုသမျှ ကုသိုလ်တွေ အမျှ အမျှ အမျှ

**မေမေ-ဒေါ်တင်မွှေးလှ(ပင်းယမွှေး)**

## အမြန်ရောင်းမည်

၁။ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်ရှိ ပေ(၂၆×၄၅)မြေကွက်၃ကွက်တွဲ

၂။ လှိုင်သာယာမြို့၊ ရွှေလင်ပန်းအလယ်ရွာ အကွက် ၂၂ရှိ ပေ(၄၀×၆၀) မြေကွက် ၁ကွက်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၃၀၀၃၅၄၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆(သမိုင်း)၊ မြေကွက်အမှတ်(၂၄)၊ ဧရိယာ(၃၈×၆၅)ပေရှိ ၃(ခ)လူနေ အိမ်ရာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-စ/၄၀၈၊ ဇေယျာခေမာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေနှင့် အဆောက်အအုံ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်သည်ဟု ဝန်ခံပြောဆိုလာသူ ဒေါ်ခင်မာကြည်[၁၂/စခန(နိုင်)၀၃၀၂၉၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည်ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ကိစ္စကို အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်ထွန်း(စဉ်-၃၅၅၇)** **B.A (Law),LL.B**

**ဒေါ်ကြည်ကြည်ဌေး(စဉ်-၂၃၆၇)** **B.A(Law), LL.B**

**တရားလွှတ်တော်ရှေ့နေများ**
**အိသီရိမွန်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၄၇)**
**အမှတ်(၆၊ စီ-၂)၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးထွန်းရင်**

**အသက်(၈၆)နှစ်**

**(လူထုမေတ္တာစတိုး)**

ဦးကျော်မင်း(K၊ လူထုမေတ္တာစတိုး)-ဒေါ်ခင်ဝါဝါမြင့်(မြဝတီရုပ်မြင်သံကြားသတင်းဌာန)၏ ဖခင်သည် ၃၁-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဖြေ(ဒေဝယက္ခဆေးတိုက်မိသားစု)**

**ပဲခူးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်မြင့်(ပုသိမ်)**

**အသက်(၇၇)နှစ်**

**မြန်မာမှုဗိသုကာပညာရှင်**

ဗိုလ်ကြီးမောင်ဝင်း(ငြိမ်း) (ညွှန်ကြားရေးမှူး-စီမံ- ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း)-ဒေါ်ခင်နန်းဦး(လမင်းအိမ်စာပေ)တို့၏ ဖခင်သည် ၂၉-၅-၂၀၁၂ ရက် နံနက် ၃း၄၅နာရီတွင် ပုသိမ်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်မှူးကြီးထင်ဇော်ဝင်း(ငြိမ်း)-ဒေါ်ခင်ခင်အေးချို မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြင်ခ(ခ)ဒေါ်ကြင်ခိုင်**

ရုပ်ရှင်ဒါရိုက်တာ ဦးဟိန်းစိုး၊ ဦးပြည့်စုံတို့၏မိခင် သရုပ်ဆောင်မြတ်သူအောင်၏ အဘွားသည် ၃၀-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သုခမိန်ရုပ်ရှင်/ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး**

## ဒေါက်တာဆွေထွန်း (၄၇)နှစ်

**အထူးကုဆရာဝန်(ဆေးပညာ)၊ ဖျာပုံမြို့နယ်ပြည်သူ့ဆေးရုံကြီး**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါ(ဗဟိုလမ်း)၊ အမှတ်(၁၂၉)နေ ဦးထွန်းဆင်-ဒေါ်ခင်သောင်းတို့၏ သား၊ ဦးသန်းထွန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်)-ဒေါ်အေးအေးမွန်တို့၏ ညီ/မောင်၊ ဦးသိုက်ရွှေ-ဒေါ်ခင်စော၊ ဦးခင်မောင်ညို-ဒေါ်ခင်ဌေးကြွယ်၊ ဦးဝင်းကြည်-ဒေါ်ခင်စန်းရီ၊ ဒုတိယရဲမှူးကြီးအောင်နိုင်(ငြိမ်း)-ဒေါ်ခင်မာကြည်(မွန်ပြည်နယ်ဥပဒေအရာရှိ)၊ ဒေါ်ခင်ခင်တာ၊ ဦးဇော်မင်း(တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူး)-ဒေါ်ခင်ခင်ထွေးတို့၏ တူ ဒေါက်တာဆွေထွန်းသည် ၃၁-၅-၂၀၁၂ ရက် နံနက် ၁၀း၄၈ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှကြည် (၈၃)နှစ်

ဓနုဖြူမြို့၊ လက်ပံဇင်ကျေးရွာနေ (ဦးမောင်စိန်-ဒေါ်မှင်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၄၁၇)နေ ဦးကြိုင်၏ ချစ်လှစွာသော ဇနီး၊ ဦးမြင့်ဆန်း-ဒေါက်တာပပခိုင်ဦး(ပါမောက္ခ၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ ကျေးဇူးရှင်မိခင်ကြီးဒေါ်လှကြည်သည် ၁-၆-၂၀၁၂ (သောကြာနေ့) မွန်းလွဲ ၁း၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၆-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**

## ဗိုလ်ကြီးမြင့်ဝေ(ငြိမ်း)

## အသက်(၇၈)နှစ်

မလှိုင်မြို့နေ (ဦးပန်ညွန့်-ဒေါ်ဖွားဇုံ)တို့၏ သားထွေး၊ ကျိုက်ပိမြို့နေ (ဦးဘ-ဒေါ်သိန်းညွန့်)တို့၏ သားသမက်၊ (၁၇/၇၃၂)၊ နန္ဒကျော်ထင်လမ်း၊ ရွှေပေါက်ကံမြို့သစ်နေ (ဒေါ်သန်းနွဲ့)၏ ခင်ပွန်း၊ ဦးမြတ်ကို(တပ်မတော်အထည်ချုပ်)-ဒေါ်သီတာဦး၊ ဒေါ်သီသီဝေ(လယ်ခွဲ၊ မ-၄၇၊ ရွှေပေါက်ကံ)၊ (ဦးနိုင်ဝင်း)-ဒေါ်ယုယုဆွေ၊ ဒုတိယဗိုလ်မှူးကြီးဆန်းထွန်း-ဒေါ်ကေသီမွန်(ကျိုင်းတုံတက္ကသိုလ်)၊ ဦးရဲထွဋ်(စီမံကိန်းညှိနှိုင်းရေးမှူး၊ လောကအလင်း)-ဒေါက်တာလွင်လွင်ဝေ (Em-power - မူကြို)တို့၏ ချစ်လှစွာသော ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁-၆-၂၀၁၂ ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၂ ရက်မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးခင်ညွန့်(ခ)ဦးအသိုင်း

## အသက်(၇၉)နှစ်

**ယခင် BOC ဖျာပုံမြို့**

ရန်ကုန်မြို့၊ အမှတ်(၃၀၊ ၃၂)၊ ဒုတိယထပ်(A)၊ (၁၀)လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးချန်ဘိုးတီ-ဒေါ်ကျင်တီ)တို့၏ ဒုတိယသား၊ ဒေါ်ကျင်မြင့်၏ ခင်ပွန်း၊ ဦးသွန်းလှိုင်-ဒေါ်လှလှပုံ၊ ဦးချမ်းသာ-ဒေါ်ကြူကြူအောင်၊ ဒေါ်ခင်ခင်ပုံ၊ ဦးသန်းကျော်-ဒေါ်သင်းသင်းသွယ်တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး ဦးခင်ညွန့်သည် ၁-၆-၂၀၁၂ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရားကျောင်းဒါယကာ**

## ဦးအောင်လင်း (၆၆)နှစ်

(ဦးသိန်းရွှေ)-ဒေါ်ကျင်တို့၏သားကြီး၊ (ဦးထန်လိုက်-ဒေါ်ကျင်စိန်)တို့၏သားသမက်၊ (ဦးသန်းအောင်)-ဒေါ်ခင်သက်လွင်၊ ဦးမောင်မောင်စိန်-ဒေါက်တာယဉ်ယဉ်စိန်၊ ဒေါက်တာသိန်းဝင်း-ဒေါ်ခင်ယုလွင်၊ ဦးအုံးသွင်-ဒေါ်ခင်နှင်းလွင်၊ ဦးမောင်မောင်ကြည်-ဒေါ်ချိုမော်မော်ဦး၊ ဦးသိန်းဝင်း-ဒေါ်ခင်မာလွင်၊ ဦးအောင်နိုင်-ဒေါ်မြမြဝင်း၊ ဦးမင်းစိန်-ဒေါ်ခင်စန်းလွင်တို့၏ အစ်ကိုကြီး၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ်(၂၀၅/A)နှင့် လှိုင်သာယာမြို့နယ်၊ MFI City ငွေနှင်းဖြူသစ်ခွလမ်း၊ အမှတ်(၁၈၈)နေ ဒေါ်ခင်ဝါဝါ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမောင်ဝင်း-မနိုင်နိုင်လင်း၊ မလှိုင်ဝေလင်း၊ ကိုကျော်ကျော်-မလှကေသီ၊ မသန္တာလင်း၊ မောင်မိုးဆန်း-မမော်မော်နိုင်၊ မဌေးဌေးလင်းတို့၏ချစ်လှစွာသော ဖခင်ကြီး၊ မောင်အောင်ကျော်ထက်၊ မပြုံးသက်နွယ်၊ မောင်ဟိန်းမင်းထက်၊ မဝင်းသီရိဇော်တို့၏ အဘိုး ဦးအောင်လင်းသည် ၁-၆-၂၀၁၂ (သောကြာနေ့) ညနေ ၄း၅၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၇-၆-၂၀၁၂(ကြာသပတေးနေ့)နံနက်၇နာရီတွင်ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**သွေးသည်အသက်**

## ဦးအေးထွန်း(ညောင်လေးပင်)

## အသက်(၇၂)နှစ်

**အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)**

(MEPE)

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်နေ (ဦးထွန်းတင်-ဒေါ်တင်)တို့၏ သား၊ (ဦးထွန်းတင်-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာရပ်ကွက်၊ ကူစွာသယလမ်း၊ အမှတ်(၈၀/ဃ)နေ ဒေါ်မြမြ၏ ခင်ပွန်း၊ ဒေါက်တာကိုကိုထွန်း(ကျန်းမာရေးဌာန၊ YCDC) - ဒေါ်ခိုင်ခိုင်ဦး၊ ဒေါ်ညိုညိုထွန်း(နည်းပညာတက္ကသိုလ်၊မှော်ဘီ)၊ ဗိုလ်မှူးညီညီထွန်း(ငြိမ်း)-ဒေါ်မေမျိုးသက်၊ ဒေါ်ချိုချိုထွန်းတို့၏ ဖခင်၊ မဖြူသီရိထွန်း(အမက-၃၊ ဗဟန်း)၏ အဘိုးသည် ၃၁-၅-၂၀၁၂ (ကြာသပတေးနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၂ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဟန်စိန် (၆၉)နှစ်

**(မော်လမြိုင်)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာရိပ်သာ(၃)လမ်း၊ အမှတ်(၁၁၉)နေ ဒေါ်မြင့်မြင့်အေး၏ ခင်ပွန်း၊ ဦးဝင်းခိုင် ($2^{nd}$ OFF MIRACO MARINE CO)-ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်ယဉ်ယဉ်ဌေး၊ ဦးကျော်ကျော်ခိုင်-ဒေါ်ခင်အေးရွှေ(USA)၊ ဦးသက်နိုင်-ဒေါ်ခင်မမ(USA)၊ ဦးဇင်မျိုးထွန်း-ဒေါ်မြင့်မြင့်ခိုင်တို့၏ ဖခင်၊ မောင်တင်အောင်လွင်[WYTU $2^{nd}$ Year (MP)]၊ မောင်ကောင်းသန့်ခိုင် [Grade-IX (D)TTC]၊ မနှင်းသူဇာ၊ မောင်ဉာဏ်လင်း၊ မလင်းလဲ့လဲ့နိုင်၊ မောင်ရဲရင့်နိုင်၊ မမေရှင်းသန့်နှင့် မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၃၁-၅-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၁၁း၂၀ နာရီတွင် အမှတ်(၈၂၉)၊ နတ်ရေကန်(၁)လမ်း၊ (၃၅)ရပ်ကွက်၊ မ/ဒဂုံနေအိမ်၌ ကွယ်လွန်သွားပါ၍ယင်းနေ့ ညနေ ၄နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၆-၂၀၁၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအုန်းရွှေ (၆၇)နှစ်

**မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန**

**(အုတ်ဖို၊ ဂုံမင်းရှိ)**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ဂုံမင်းရှိရွာနေ (ဦးမြဟန်-ဒေါ်အံ့)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ အမှတ်(၃၈)နေ ဒေါ်ယဉ်ကြည်၏သားသမက်၊ ဒေါ်အေးအေးမော်၏ခင်ပွန်း၊ ကိုမြင့်ဆန်း-မစန္ဒာဝင်းတို့၏ ဖခင်၊ ဦးလှကြည်-ဒေါ်အေးသိန်း၊ ဦးခင်ဝင်း-ဒေါ်သန်းညွန့်တို့၏ အစ်ကိုသည် ၃၁-၅-၂၀၁၂ (ကြာသပတေးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**

## ဦးသန်းထိုက်လွင်(ခ)ကိုကိုကြီး

## အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရွာသာကြီးရပ်ကွက်၊ အပိုင်း(၁)နေ ဦးဝင်းလွင်-ဒေါ်စန်းစန်းတို့၏သား၊ ဦးမြသန်း-ဒေါ်မြအေးတို့၏ သားသမက်၊ ဦးရွှေသာအောင်-ဒေါ်ဝါဝါလွင်၊ ဦးတင်ထွန်း-ဒေါ်သီတာလွင်(နေခြည်ထွန်း)၊ ဦးအောင်ဝင်း-ဒေါ်ဌေးဌေးဦး၊ ဦးသန်းထိုက်အောင်-ဒေါ်ခင်မြင့်ဝေ တို့၏ အစ်ကို၊ ဒေါ်မိုးဥမ္မာဝေ၏ ချစ်လှစွာသောခင်ပွန်း၊မောင်ခန့်မင်းလွင်၊ မကြည်ဖြူစင်သန့်၊ မသံသာမိုးထိုက်တို့၏ ကျေးဇူးရှင်ဖခင်၊ တူ၊တူမ ၁၀ ယောက်တို့၏ ဘကြီး ဦးသန်းထိုက်လွင်သည် ၁-၆-၂၀၁၂ ရက် နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းရင်(လူထုမေတ္တာစတိုး) (၈၆)နှစ်

**တန့်ဆည်မြို့နယ်အသင်း၊ ဂုဏ်ထူးဆောင်နာယက**

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နေ (ဦးသာဒွန်း-ဒေါ်ဖွားယုံ)တို့၏သား၊ (ဦးဘအေး-ဒေါ်သန်းခင်)တို့၏ သားသမက်၊ ဒေါ်မမကြည်၏ ခင်ပွန်း၊ အမှတ်(၅၈၅)၊ ပြည်လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဒေါ်မြင့်သီတာ (ဌာနမှူး၊ သတ္တဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ ဦးကျော်မင်း(**K,** လူထုမေတ္တာစတိုး)-ဒေါ်ခင်ဝါဝါမြင့်(မြဝတီရုပ်မြင်သံကြားသတင်းဌာန)၊ ဦးထွန်းဝင်း(လူထုမေတ္တာ မြန်မာဆေးမျိုးစုံ၊ လမ်းမတော်)တို့၏ဖခင်၊ (ဦးထွန်းရှင်)-ဒေါ်တင်ဥ(ကြယ်ပျံဆေးတိုက်)၊ (ဦးထွန်းမှင်)၊ [ဒေါ်လှစော(ဇော်ပျံဆေးတိုက်)]၊ ဦးသာလွင်-ဒေါ်အေးချို(ရွှေညာသားဆေးဆိုင်)တို့၏ အစ်ကို၊ မမေမြတ်နိုးမင်း(Grade -IX A၊ အထက-၂၊ လသာ)၊ မအေးရတနာမင်း(Grade-V A ၊ အထက-၂၊ လသာ)တို့၏အဘိုး ဦးထွန်းရင်သည် ၃၁-၅-၂၀၁၂ရက် နံနက် ၁၁း၄၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းရီ (၆၈)နှစ်

**အင်ဂျင်နီယာမှူးကြီး(ပစ္စည်းဦးစီး)(ငြိမ်း)**

**ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ အမှတ်(၁၆)၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးဘဝင်း-ဒေါ်စု)တို့၏ သားငယ်၊ ဦးမောင်လေး(သိမ်ကြီးဈေး)-ဒေါ်မြကြည်(ရခိုင်သဇင်ခြံ)]တို့၏ညီငယ်၊ ဒေါ်စန်းကြည်၏ခင်ပွန်း၊ ကိုဝင်းထွန်း-မချိုချိုလွင်(တစ်-နှစ်-သုံး ကားပစ္စည်းရောင်းဝယ်ရေး)၊ ကိုဝင်းနိုင် (Genius Digital Video & Photo Studio)-မဖြူခိုင်(Sr.Accountant, Air Bagan Ltd.)၊ မမြတ်သူဇာထွန်း၊ ကိုတင်ထွန်းဝင်း(ခေတ္တ-Japan)တို့၏ ဖခင်ကြီး၊ မခိုင်ကြယ်စင်ဝင်း(ခ)ရှန်ရှန်း(Victory Pre-School)၏အဘိုး၊ ဦးဝင်းဗိုလ်-မမြင့်မြင့်အေး၊ ကိုစိန်ဝင်း-မနန်းဝိုးခမ်း၊ ကိုကျော်ကျော်ညွန့်၊ ကိုမျိုးချိုအေးတို့၏ ဦးလေးသည် ၁-၆-၂၀၁၂ (သောကြာနေ့) နံနက် ၄း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တစ်-နှစ်-သုံး ကားပစ္စည်းရောင်းဝယ်ရေး၊ အမှတ်(၁၂၃)၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မေမြတ်နွယ်(မြင်းခြံ) အသက်(၆၀)

**(အလယ်တန်းပြ-ငြိမ်း၊ အလက-၁၊ မြင်းခြံ)**

မြင်းခြံမြို့၊ (၁၃)ရပ်ကွက်၊ နေဝန်း၊ အမှတ်(၅၇၉)နေ (ဦးအောင်မြတ်-ဒေါ်ပြား)တို့၏ သမီးကြီး၊ ဦးကျော်ဆွေ(ရွှေဇီးကွက်ဆေးလိပ်ခုံ)၏ ဇနီး၊ ကိုဇော်မင်းဦး-ဒေါက်တာဖြူအေးဝေ(ကလေးအထူးကုဆေးရုံကြီး၊ မန္တလေး)၊ မနှင်းဝေဝေကျော်(Software Engineer၊ စင်ကာပူ)၊ မောင်ထက်ဝေလင်း (ပထမနှစ်၊ B.Tech, Civil)တို့၏ မွေးသမိခင်သည် ၁-၆-၂၀၁၂ ရက် မွန်းလွဲ ၁၂း၁၀ နာရီတွင် ရန်ကုန်မြို့၊ ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ ရက် နံနက် ၁၀း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မေမြတ်နွယ်(မြင်းခြံ) အသက်(၆၀)

**(အလယ်တန်းပြ-ငြိမ်း၊ အလက-၁၊ မြင်းခြံ)**

မြင်းခြံမြို့နေ (ဦးရွှေ)-ဒေါ်ကြင်တီတို့၏ သမီးချွေးမ၊ ဦးကျော်ဆွေ(ရွှေဇီးကွက်ဆေးလိပ်ခုံ)၏ ဇနီး၊ ဒေါက်တာခင်မောင်ကြည်-ဒေါ်အေးအေးသန်း၊ ဒေါက်တာစိုးလွင်-ဒေါ်စိုးမိုးသန်း၊ ဆီမီးခုံနေ ဦးစိုး-ဒေါ်အမာ၊ ဦးသိန်းထွန်း-ဒေါ်နုနုလွင်၊ ရန်ကုန်မြို့၊ အင်းယားလမ်း၊ အမှတ်(၁၇)နေ ဒေါက်တာဇော်မြင့်(ဒုညွှန်ချုပ်၊ အဆည)-ဒေါ်စန်းစန်းဝေတို့၏ အစ်မ၊ ဒေါက်တာအေးမြင့်ထွန်း(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ကိုဝေဖြိုးမောင်(နောက်ဆုံးနှစ်၊ အပိုင်း-ခ၊ ဆေး-၁)တို့၏ အဒေါ်သည် ၁-၆-၂၀၁၂ ရက် မွန်းလွဲ ၁၂း၁၀ နာရီတွင် ရန်ကုန်မြို့၊ ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ ရက် နံနက် ၁၀း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာအိမြတ်မွန်**

**အသက်(၂၇)နှစ်**

M.B.,B.S (YGN), MRCPCH(Part -1)

ဒေါက်တာအိမြတ်မွန် အသက်(၂၇)နှစ်သည် ၂၉-၅-၂၀၁၂ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစု**

**OSC ဆေးရုံ**

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**

## ဒေါ်ခင်ကြည်(ဒီပဲယင်း)

## အသက်(၈၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်နေ (ဦးဘအုန်း-ဒေါ်အေးခိုင်)တို့၏ သမီး၊ ဒီပဲယင်းမြို့နယ်နေ (ဦးနွား)၏ ဇနီး၊ ဒီပဲယင်းမြို့နယ်၊ မူးရိုးကုန်းကျေးရွာနေ ဦးတင်အုန်း-ဒေါ်သန်း၊ ဦးညွန့်ဝေ-ဒေါ်စန်းမြင့်၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း)-ဒေါ်နုနုမြိုင်၊ ဒီပဲယင်းမြို့နယ်နေ ဦးအောင်ဝင်း-ဒေါ်ခင်မာတင့်၊ ရန်ကုန်မြို့နေ ဒေါက်တာကျော်နိုင်-ဒေါ်ခင်သန္တာထွန်း(Deco Home အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)တို့၏ မွေးသမိခင်၊ မြေး ၁၆ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၃၁-၅-၂၀၁၂(ကြာသပတေးနေ့)ညနေ ၃နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ပါရမီကွန်ဒို၊ အခန်း(၂၀၆)၊ တိုက်(၁၂+၁) နေအိမ်မှ ကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၆-၂၀၁၂ (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအားဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအေးနိုင်ထွန်း (၅၆)နှစ်

**ဦးစီးအရာရှိ**

**(မိုး/ဇလ ညွှန်ကြားမှုဦးစီးဌာန)**

လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၄)နေ (ဦးစန်ထွန်း)-ဒေါ်ရင်အေးတို့၏ သား၊ ဦးသိန်းဖေ-Dr. တင်တင်ဝေ (လ/ထ ညွှန်မှူး၊ မွေး-ကုဦးစီးဌာန၊ ပဲခူးမြို့)၊ (ဦးတင်မောင်ထွန်း)-ဒေါ်တင်တင်ဝေတို့၏ မောင်/ညီ၊ ဦးမြင့်သိန်း-ဒေါ်ချိုချိုထွန်း(စက်မှုဝန်ကြီးဌာန၊ သာဂရ)၊ (ဦးဇော်ထွန်း)၊ ဦးရဲထွန်း၊ ဦးမိုးကျော်ထွန်း(မှော်ဘီမြို့နယ် မွေး-ကုဦးစီးဌာန)-ဒေါ်မြင့်မြင့်ဝင်း၊ ဦးမိုးသော်တာထွန်း-ဒေါ်ဌေးဌေးဝင်း၊ ဦးစိုးမင်းထွန်း-ဒေါ်သန္တာစိုး၊ ဦးမျိုးဇော်(ဆည်မြောင်းဦးစီးဌာန)-ဒေါ်သုသုစံ (ဆည်မြောင်းဦးစီးဌာန၊ နေပြည်တော်)တို့၏ အစ်ကို၊ တူ၊ တူမ ၁၃ ယောက်တို့၏ ဘကြီးသည် ၁-၆-၂၀၁၂ ရက် နံနက် ၆း၃၀ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [၇-၆-၂၀၁၂ ရက် နံနက်ပိုင်းတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်**

**ပိဋကတ်တိုက်ကျောင်းစာသင်တိုက် ဦးစီးပဓာန နာယက**

**ဘဒ္ဒန္တ ဥတ္တရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**

**သိက္ခာတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ စလံရွာနေ (ဦးစံခ-ဒေါ်တော့)တို့၏ သား၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ပြည်နယ်ဩဝါဒါစရိယ၊ ပြည်နယ်ဝိနည်းဓိုရ်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဥတ္တရ မဟာထေရ်မြတ်ကြီးသည် (၁၃၇၄ခုနှစ်၊ နယုန်လဆန်း ၁၁ရက်) ၃၁-၅-၂၀၁၂(ကြာသပတေးနေ့) နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူ သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ခုနှစ်၊ နယုန်လဆန်း ၁၄ရက်) ၃-၆-၂၀၁၂(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ

## ဒေါ်ရင်မြင့် (၇၆)နှစ်

**မေတ္တာမွန်ခြင်ထောင်ဆိုင်(ဗိုလ်ချုပ်ဈေးသစ်)**

ပဲခူးမြို့နေ (ဦးရွှေဖိန်း-ဒေါ်ကြူလှံ)တို့၏သမီးလတ်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၈၃)၊ (၈)လမ်းနေ (ဦးမျိုးမြင့်ထွန်း)၏ဇနီး၊ (ဦးကွာ)-ဒေါ်ရင်ကြည်၊ (ဦးမြင့်သိန်း-ဒေါ်ဝင်းကြည်)၊ ဦးမောင်ကြိုင်-ဒေါ်တိုးရီတို့၏ညီမ၊ (ဦးမောင်လှိုင်)-ဒေါ်လှမြင့်၊ ဦးမြတ်ထွန်း- (ဒေါ်ကြင်တိုး)တို့၏အစ်မ၊ မသူဇာမိုး၊ မောင်ဇော်ဇော်မျိုးတို့၏မိခင်သည် ၁-၆-၂၀၁၂ (သောကြာနေ့) နံနက် ၈း၃၅နာရီတွင် S.S.C အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်နှင့် ဗိုလ်ချုပ်ဈေးသစ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးချစ်လွင် (၅၃)နှစ်

**AGTI (EP)1984 (အင်းစိန်) B.Sc (Physics)**

**ဟန်စိန်သန့် (Engineering) Co., Ltd.**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၄၄)နေ (ဦးတင်အုန်း-ဒေါ်ခင်ရီ)တို့၏ သား၊ ဦးကြည်လွင်-ဒေါ်နော်မြရင်၊ ဒေါ်ပြုံးပြုံးအေးတို့၏ ညီ/မောင်၊ ဒေါ်မြမြအေး(အမက-၁၂၊ အင်းစိန်)၊ ဦးသိန်းလွင် (E/O Golden Eagle)-ဒေါ်ဖြူဖြူသင်း၊ ဒေါ်တင်တင်ကြည်၊ ဒေါ်သင်းသင်းထွေး၊ (ဦးထွန်းလွင်)၊ (ဦးညီညီလွင်)၊ ဒေါ်စုစုလွင်တို့၏ အစ်ကို၊ မောင်စောအောင်မင်းစိုး-မနော်ဗွေထီး၊ မောင်စောထွန်း၊ မနော်သော်တာကြည်တို့၏ ဦးလေး၊ မောင်ဟိန်းထွဋ်ဝင်း($4^{th}$ E WILLI RICKMER UNITEAM)၊ မောင်ရဲထူးအောင်($4^{th}$ Year N/A MMU)၊ မရွှေယမင်းဦး($2^{nd}$ Year Burmese)၊ မမေမြတ်မွန်တို့၏ ဘကြီးသည် ၃၁-၅-၂၀၁၂ ရက် မွန်းလွဲ ၂း၄၅ နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိပါကြောင်း

ကွယ်လွန်သူ ဦးချစ်လွင်နာမကျန်းဖြစ်စဉ် စေတနာဖြင့် ကုသပေးခဲ့သော သင်္ဃန်းကျွန်းစံပြဆေးရုံကြီး အစာအိမ်အူလမ်းကြောင်း၊ အသည်းအထူးကုဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်သန်းသန်းအေးနှင့် ဆရာဝန်များအားလုံး၊ စစ္စတာကြီး ဒေါ်တင်တင်နှင့် ဆရာမများ၊ ဝန်ထမ်းများ၊ ကူညီပေးကြသော ဆေးရုံအခန်းတွင်းရှိ အစ်ကိုကြီး၊ ညီငယ်၊ မောင်ငယ်များနှင့် ဟန်စိန်သန့်ကုမ္ပဏီမှ ပိုင်ရှင် ဦးသန့်ဇင်၊ သူငယ်ချင်း ဦးသန်းထွန်းဦး၊ ဦးသိန်းဝင်း၊ ဦးတင်ထွန်း၊ ဦးစောဝင်းနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံး၊ ကြည်လင်ဗီးရှင်း(မျက်မှန်ဆိုင်)၊ ပစ်တိုင်းထောင်(လက်ဖက်ရည်ဆိုင်)၊ အောင်ဖုန်းမြင့်(လျှပ်စစ်ပစ္စည်း)နှင့် အဘက်ဘက်မှ ကူညီကြသော ဆွေမျိုး၊ သူငယ်ချင်းမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်စောညွန့် (၇၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန်(၄)လမ်း၊ တိုက်(၁)၊ အခန်း(၁၀၂)နေ ဦးသာလှိုင်၏ဇနီး၊ ဒေါ်မူမူဆွေ၊ ဒေါ်မြင့်မြင့်ခိုင်-ဦးမျိုးခန့်၊ ဒေါ်သော်သော်လှိုင်-ဦးပြည်မိုး၊ ဒေါက်တာခင်ဇော်လှိုင်-ဒေါက်တာနီနီသော်၊ ဒေါ်စန်းစန်းလှိုင် (မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း)-ဦးမိုးဇော်ဦးတို့၏ ချစ်လှစွာသောမိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၃၁-၅-၂၀၁၂ (ကြာသပတေးနေ့) ည ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ထားဝယ်အသင်း**

**ဘုရား၊ရဟန်းဒါယကာကြီး**

## ဦးထင်ကျော်(ခ)ဦးထွန်းဝင်း

## အသက်(၄၆)နှစ်

**ဌာနခွဲမှူး၊ ဌာနခွဲ-၆၊**

**မထသ(ရန်ကုန်တိုင်းဒေသကြီး)**

**(ထားဝယ်)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊တိုက်(၁၃)၊ အခန်း(၂၀၁)၊ ပိတောက်ရွှေဝါလမ်းနေ ဦးတင်မောင်-(ဒေါ်စိန်ပုံ)တို့၏သား၊ ဦးစောချိန်ပိုင်း(ခ) ဦးအောရေ-(ဒေါ်ကျင်စိန်)တို့၏ သားသမက်၊ ဒေါ်အေးအေးမြင့် (ထားဝယ်အသင်းအမှုဆောင်)၏မောင်၊ ဒေါ်ခင်သန်းဆင့်၏ ချစ်လှစွာသော ခင်ပွန်း အသင်းဝင် (၃၄၅၁)သည် ၃၁-၅-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးချစ်မြ(မြိတ်/ပုလော)

## အသက်(၈၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နေ (ဦးဖေမဲ့-ဒေါ်ချူးမေ)တို့၏ သား၊ အမှတ်(၇၀)၊ သီတာလမ်း၊ ကျောက်မြောင်းနေ (ဒေါ်ကြည်ညွန့်)၏ ခင်ပွန်း၊ ကိုမျိုးသန်း-မလွင်လွင်ဌေး၊ ကိုသန်းနိုင်-(မခင်စန်းယု)၊ ကိုကျော်နိုင်-မသီဂီလှိုင်၊ မဝင်းဝင်းခိုင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁-၆-၂၀၁၂ (သောကြာနေ့) ညနေ ၃း၁၀ နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (မြိတ်အသင်းနှင့် နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မာကြည်(ပဲခူး)

## အသက်(၆၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ကြည်တော်ကုန်း(ခ)၊ (၅)လမ်း၊ အမှတ်(၄၀၁)နေ (ဦးမောင်စိန်-ဒေါ်စော)တို့၏ သမီး၊ (ဦးတင်ကြည်)-ဒေါ်ညွန့်လှိုင်၊ ဦးချွန်စိန်-(ဒေါ်သန်းချစ်)၊ (ဦးထိုက်တင်-ဒေါ်ညွန့်လှုံ)၊ (ဦးမြင့်စိန်-ဒေါ်အုန်းရီ)၊ ဦးသိန်းရွှေ-ဒေါ်မြတို့၏ ညီမသည် ၁-၆-၂၀၁၂ (သောကြာနေ့) နံနက် ၁း၁၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၇-၆-၂၀၁၂ (ကြာသပတေးနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

R/184

# အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့် ဆောင်ရွက်လျက်ရှိ နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းနေ

နေပြည်တော် ဇွန် ၁

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။**

အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်ကဏ္ဍစုံတွင် သိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်နိုင်စေရန် အစဉ်အမြဲ လေ့လာသင်ယူနေခြင်းဖြင့် တိုးတက်သော မြန်မာ့လူဘောင်အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာစေရန် မျှော်မှန်းပြီး အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုဆိုလျှင် အဆင့်မြင့်ပညာ လေ့လာသင်ယူနိုင်မည့် နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဖြစ်ထွန်းနေသည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုးတက်ပြောင်းလဲနေသော သတင်းနှင့်နည်းပညာဆက်သွယ်မှုဆိုင်ရာနည်းပညာများကို အပြည့်အဝရယူအသုံးချနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ပြီး လူ့စွမ်းအား အရင်းအမြစ်များ နိုင်ငံတော်အတွက် မွေးထုတ်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်စဉ်။** (သတင်းစဉ်)

## ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းတာဝါတိုင်များ ပြုပြင်ပြီးစီး နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဓာတ်အားတိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေး

**နေပြည်တော် ဇွန် ၁**

၁၈-၅-၂၀၁၂ ရက်နှင့် ၁၉-၅-၂၀၁၂ ရက်တို့တွင် ကေအိုင်အေ လက်နက်ကိုင်အဖွဲ့၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပန်ကနိုင်းကျေးရွာအနီးရှိ ၂၃၀ ကေဗွီ ရွှေလီ-မန်စံမဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၇၃)နှင့် မုန်းဝီးကျေးရွာအနီးရှိ တာဝါတိုင်အမှတ်(၂၀၆၊ ၂၀၇၊ ၂၀၈)တို့အား မိုင်းခွဲဖျက်ဆီးခံရသဖြင့် တာဝါတိုင်များ၏ အောက်ခြေ ခြေထောက်များ ပြတ်ထွက်ခြင်း၊ မြေပြင်သို့ ပြိုလဲပျက်စီးခြင်းတို့ကြောင့် ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်ပို့လွှတ်နိုင်မှုမရှိခဲ့ရာ ပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးမှု ထိခိုက်ခဲ့သည်။

ဓာတ်အားစနစ်အတွင်း ၂၀၀ မဂ္ဂါဝပ် လျော့နည်းခဲ့သဖြင့် အဆိုပါ တာဝါတိုင်များအား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများနှင့် လိုင်းဝန်ထမ်းများက ၂၀-၅-၂၀၁၂ ရက်မှစတင်၍ ကြိုးစားပြုပြင်ဆောင်ရွက်ခဲ့ရာ ၁-၆-၂၀၁၂ ရက် ညနေ ၄ နာရီတွင် လုပ်ငန်းများအားလုံးဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်၍ ရွှေလီဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များအား ပြန်လည်မောင်းနှင်ပြီး အဆိုပါ ဓာတ်အားလိုင်းသို့ ညနေ ၅ နာရီ ၅ မိနစ်တွင် ဓာတ်အားပို့လွှတ်၍ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ကာ ဓာတ်အားပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့သည့် ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၂၀၇)ကို တွေ့ရစဉ်။** (သတင်းစဉ်)

နိုင်ငံတကာအားကစား

နိုင်လင်းကြည်

## ဂျော်ဒီအယ်လ်ဘာအား ခေါ်ယူရန် ဘာစီလိုနာနှင့်မန်ယူ အပြိုင်ကြိုးပမ်း

**ဘာစီလိုနာ ဇွန် ၁**

ပြီးခဲ့သည့် ဘောလုံးရာသီတွင် ဖလားလက်မဲ့ဖြစ်ခဲ့ရသည့် မန်ယူအသင်းနှင့် စပိန်အင်အားကြီးကလပ် ဘာစီလိုနာအသင်းတို့သည် ဗလင်စီယာနောက်တန်းကစားသမား ဂျော်ဒီအယ်လ်ဘာအား စိတ်ဝင်စားလျက်ရှိနေသည်။ ထို့ကြောင့် ဘာစီလိုနာအသင်းက ဂျော်ဒီအယ်လ်ဘာကို ခေါ်ယူရန် ပြင်ဆင်နေသည့် သတင်းများ ထွက်ပေါ်လာပြီးနောက် မန်ယူအသင်းနည်းပြဆာအဲလက်စ်ဖာဂူဆန်က ဂျော်ဒီအယ်လ်ဘာကို ခေါ်ယူရန် ဘာစီလိုနာအသင်းနှင့် အပြိုင်ကြိုးပမ်းလာခဲ့သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**

## ဗီယက်နမ်ကုန်စည်ပွဲတော် ကျင်းပမည်

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား အပြန်အလှန်ကုန်သွယ်မှု မြင့်တင်နိုင်ရေးအတွက် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဟိုချီမင်းကုန်စည်ပြပွဲ (၂၀၁၂)ပြပွဲကို ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ဗီယက်နမ်ကုမ္ပဏီ ၁၀၀ ခန့်မှ အဝတ်အထည်များ၊ ဖိနပ်များ၊ အလှကုန်ပစ္စည်းများ၊ ဆေးနှင့်ဆေးကိရိယာများ၊ လျှပ်စစ်နှင့်လျှပ်စစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများအား ပြသရောင်းချသွားမည်ဖြစ်သည်။ ယခုနှစ် အစောပိုင်းကာလ၌ ဟိုချီမင်းမြို့တော်နှင့် ရန်ကုန်မြို့တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေး ရည်ရွယ်လျက် မတ် ၁၅ ရက်မှ ၁၈ ရက်အတွင်းကလည်း ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ Ho Chi Min City Expo 2012 ကို ကျင်းပခဲ့ပြီးဖြစ်သည်။

ဇွန်လတွင် ပြုလုပ်မည့် ဟိုချီမင်းကုန်စည်ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပြပွဲဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ ကုန်စည်ပြပွဲဌာနစိတ် ဖုန်း-၀၆၇-၄၀၈၄၁၁ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတကာ အနုပညာရပ်ဝန်း — အောဝမ်းစိုး

## မိန်းကလေးပရိသတ်များ သည်းသည်းလှုပ်ခဲ့သည့် ဂျက်စတင်ဘီဘာ၏ အော့စလိုဂီတဖျော်ဖြေပွဲ

မြီးကောင်ပေါက်အရွယ် မိန်းကလေးငယ်တို့၏ သည်းသည်းလှုပ်အချစ်တော် ကနေဒါပေါ့ပ်ဂီတငွေကြယ်ပွင့် ဂျက်စတင်ဘီဘာ၏ မေ ၃၀ ရက်က နော်ဝေနိုင်ငံ အော့စလိုမြို့တော်၌ကျင်းပခဲ့သည့် ဂီတဖျော်ဖြေပွဲမှာ အကဲပိုလွန်းသည့် မိန်းကလေးပရိသတ်များကြောင့် ထိန်းမနိုင်သိမ်းမရဖြစ်ခဲ့ရသည်။ **(အောက်ပုံ)**

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**

ယနေ့ သတင်းအညွှန်း


**အများနှင့် ဆိုင်သော ကုမ္ပဏီများသည် အသေးစား ငွေရေးကြေးရေး လုပ်ကိုင်နိုင်ကြောင်း သတင်းထုတ်ပြန်**

ပြည်တွင်းသတင်း စာမျက်နှာ - ၂

**တရုတ်နှင့် ဂျပန်အကြား တိုက်ရိုက်ငွေကြေး ကုန်သွယ်မှု ဈေးကွက်စတင်**

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

❛ လက်ညှိုးထိုးအပြစ်ဖို့စရာ ရှာဖွေဖော်ထုတ်နေခြင်း သက်သက်ဖြင့် လက်ရှိကြုံတွေ့နေရသော အမျိုးသား လျှပ်စစ်စွမ်းအင်အကျပ်အတည်းကို ကျော်လွှန်နိုင်မည် မဟုတ်ပေ။ လမ်းကြောင်းမှန်ပေါ်ရောက်ရှိစေမည့် မူဝါဒသစ်ကို ရှာဖွေပြောင်းလဲရမည် ❜

**ထက်ခိုင်၏** ဆောင်းပါး စာမျက်နှာ - ၈၊ ၉